
mgyoe.com SAMPLE BOOK



# သခင်ကိုယ်တော်မှိုင်း

## လေးချိုးပေါင်းချုပ်

ဒုတိယတွဲနှင့် တေးထပ်များ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com
SAMPLE BOOK

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏လက်ရာ
လေးချိုးကြီးများကို စုစည်းစီစဉ်ခဲ့သည့်
လေးချိုးပေါင်းချုပ်စာအုပ် ထွက်ရှိအပြီး
ဆရာကြီး၏ ဋီကာစာအုပ်များမှ ကြွင်းကျန်သော
လေးချိုးများကို ထပ်မံစုစည်း၍
ကျန်ရှိသော ကဗျာလက်ရာ တေးထပ်များကိုပါ
ဖြည့်စွက်လျက် လေးချိုးပေါင်းချုပ် ဒုတိယတွဲနှင့်တေးထပ်များအဖြစ်
ဆက်လက် ထုတ်ဝေခြင်း ဖြစ်ပါသည်။

# သခင်ကိုယ်တော်မှိုင်း

## လေးချိုးပေါင်းချုပ်

## ဒုတိယတွဲနှင့်

## တေးထပ်များ

mgyoe.com

TKK0006
MMK 9,000.00

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# လေးချိုးပေါင်းချုပ်

## ဒုတိယတွဲနှင့် တေးထပ်များ

သခင်ကိုယ်တော်မှိုင်း

ဒုတိယအကြိမ်၊ ၂၀၂၃

mgyoe.com

mgyoe.com SAMPLE BOOK

လေးချိုးပေါင်းချုပ် ဒုတိယတွဲနှင့်တေးထပ်များ၊ သခင်ကိုယ်တော်မှိုင်း
စာမျက်နှာ ၂၃၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ မတ်လ၊ ဒုတိယအကြိမ်၊ ၂၀၁၆ စိတ်ကူးချိုချို၏ ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

– သခင်ကိုယ်တော်မှိုင်းကဗျာများ
စုစည်းသူ၏ အမှာစာ (က)

**မဟာလေးချိုးကြီး / လေးချိုးကြီး / လေးချိုး / သံချို**

၁။ ပုဂံသကြန်ဘွဲ့ လေးချိုးကြီး ၂
၂။ ရွှေပဝတီ မေးထိုးသော လေးချိုး ၄
၃။ လေးချိုးကဗျာအဘွဲ့နှင့် မှာခဲ့ပုံ ၅
၄။ တုမှာရိရေးသည့် လေးချိုးကြီး ၇
၅။ မှာတမ်း လေးချိုး ၉
၆။ ရေလား လေးချိုးကြီး ၁၁
၇။ ရတုအလိုက် လေးချိုးကြီး ၁၄
၈။ ဒိုင်ယာရီ လေးချိုး ၁၆
၉။ ဆောင်းဘွဲ့လေးချိုးကဗျာ ၁၈
၁၀။ သံဝေဂ ကမ္ဘဋ္ဌာန်း တမ်းချင်း လေးချိုးကြီး ၂၀
၁၁။ ဇာဂမုန်းပေါ်ရာ တောအညာဘွဲ့ လေးချိုးကြီး ၂၃
၁၂။ တောရှင်သုတ် ပရိတ်တော်နှင့် မင်းတဲ့ ဝန်းဘွဲ့လေးချိုးကြီး ၂၅
၁၃။ ခေတ္တရာဘွဲ့ကဗျာ မဟာလေးချိုးကြီး ၂၇
၁၄။ မစ္စတာဆရာမှိုင်းကြီးကို ထောမနာသည့် ဩဘာလေးချိုးကြီး ၂၉
၁၅။ ဂျမ်းခင်ဘွဲ့ကဗျာ ကျောက်စာ ၄ ချိုး ၃၃

mgyoe.com

mgyoe.com SAMPLE BOOK


၁၆။ မျောက်ငှိုကာ နိဂုံးကဗျာ မဟာလေးချိုးကြီး ၃၆

၁၇။ ဆုတောင်းပတ္တနာ ကဗျာလေးချိုး ၄၃

၁၈။ အရှင်သီဘောမင်း နတ်ထီးဘုံပျံ စံလွန်တော်မူခန်း ကမ္ဗဍာန်းလေးချိုး ၄၅

၁၉။ မဟာမြိုင်တောရက သောကဘွဲ့ကဗျာ မဟာလေးချိုးကြီး ၄၇

၂၀။ ပဲခူးမြို့ရွှေမော်ဓောဘုရားရှင်ဘွဲ့တမ်းချင်း လေးချိုးကြီး ၅၀

၂၁။ ဘုန်းတော်ဘွဲ့ လေးချိုးကြီး ၅၃

၂၂။ ဂျိစိဘီအေကြီး နှစ်ဘက်အကွဲကို ပုခက်လွှဲ ချင်း ၅၅

၂၃။ မျောက်စိတ်ပမာ ကဗျာလေးချိုး ၅၆

၂၄။ ရွှေမင်းဝံတောင်ကုန်း၌ ချောင်လုံးကျွတ် အစည်းအဝေးကြီး ဘွဲ့ကဗျာ ၅၇

၂၅။ ဘတန်းသူမ ကုမ္မာရီဆို၊ နေရှင်နယ်ဒေးဘွဲ့ လေးချိုးကြီး ၆၂

၂၆။ သပိတ်မှောက်ဘွဲ့ လေးချိုးကြီး ၆၅

၂၇။ မှတ်တမ်းကဗျာ မဟာလေးချိုးကြီး ၆၈

၂၈။ ရှောင်လမ်းဘွဲ့ လေးချိုးလတ် ၇၀

၂၉။ မဏိမဥ္ဇူကျမ်းဘွဲ့ကဗျာ မဟာလေးချိုးကြီး ၇၂

၃၀။ လိုရာဆုတောင်း ပတ္တနာကဗျာလေးချိုး ၇၅

၃၁။ ရန်ကုန်မြို့ဗဟန်းအတွင်းက တမ်းချင်းလေးချိုးကြီး ၇၇

၃၂။ မိုးကြိုးဝရဇိန်ဘွဲ့ကဗျာ မဟာလေးချိုးကြီး ၈၀

၃၃။ ပဌမကျော်ဘွဲ့ တမ်းချင်းကဗျာ မဟာလေးချိုးတော်ကြီး ၈၃

၃၄။ ပုညဝတီ စီကုံးအပ်သော ကဗျာနိဂုံး လေးချိုးတော်ကြီး ၈၄

၃၅။ ဗလိဗောဓဘွဲ့ကဗျာ မဟာလေးချိုးကြီး ၉၀

၃၆။ တိလောကဂုရုချောက်အသွား၌ တရားသံဝေဂရပုံ လေးချိုး ၉၃

၃၇။ စစ်ကိုင်းထွက် ကဗျာလင်္ကာလေးချိုး ၉၆

၃၈။ စိတ်နှစ်ခွကဗျာ မဟာလေးချိုး ၉၈

၃၉။ တမ်းချင်း လေးချိုးကြီး ၁၀၂

၄၀။ ဇေယျာဘုံကျောင်းဘွဲ့ မော်ကွန်းလေးချိုးကြီး ၁၀၄

၄၁။ မယ်စန္ဒာဘွဲ့ လေးချိုးကြီး ၁၀၆

၄၂။ ပထမကျောင်းသားသပိတ်အတွက် အားပေးသည့် လေးချိုးကဗျာ ၁၀၉

၄၃။ အမျိုးသားအောင်ပွဲနေ့ လေးချိုးကြီး ၁၁၁


mgyoe.com

mgyoe.com SAMPLE BOOK

၄၄။ စစ်ချီဘွဲ့ လေးချိုး ၁၁၅
၄၅။ ရဲတင်းကဗျာ မဟာလေးချိုးကြီး ၁၁၇
၄၆။ လေးချိုးကဗျာ မဟာရသေ့ဘွဲ့ကြီး ၁၂၁
၄၇။ ဆရာကြီး ပြန်၍ အငိုဘွဲ့ လေးချိုးကြီး ၁၂၄
၄၈။ အလောင်းမင်းတရားကြီး ဘုန်းတော်ဘွဲ့ လေးချိုး ၁၂၆
၄၉။ သံဝေဂ လေးချိုးကြီး ၁၂၈
၅၀။ စုန်တော်မူဘွဲ့ လေးချိုးကြီး ၁၃၀
၅၁။ တောင်ငူရာဇာဘွဲ့ လေးချိုး ၁၃၂
၅၂။ အင်းဝပျက် လေးချိုး ၁၃၄
၅၃။ တမ်းချင်း လေးချိုး ၁၃၅
၅၄။ ဟံသာဝတီရောက် မင်းအကြောင်း တမ်းချင်း လေးချိုးကြီး ၁၃၆
၅၅။ အင်းဝဘွဲ့ သံဝေဂ လေးချိုးကြီး ၁၃၈
၅၆။ ဘုန်းတော်ဘွဲ့ လေးချိုးကြီး ၁၄၀
၅၇။ မယ်ဘွဲ့ လေးချိုးကြီး ၁၄၃
၅၈။ မြန်မာဘာသာ မောင်ဘွဲ့ လေးချိုးကြီး ၁၄၅
၅၉။ သံဝေဂ လေးချိုးကြီး ၁၄၇
၆၀။ ဥရောဝတိုက်၌ စစ်ပွဲအကြီးအကျယ် ဆိုင်ပြိုင်တိုက်ခိုက်သည့်အကြောင်း သံချို ၁၄၉

**လေးဆစ် / သဖြန် / နှစ်ဆစ်ချိုးကဗျာများ**

၁။ ဆောင်ပုဒ်လင်္ကာကဗျာ ၄ ဆစ် ၁၅၂
၂။ လေးဆစ်-ခွန်းထောက် ၁၅၃
၃။ ဝန်ခံ ၂ ဆစ်ချိုး ၁၅၄
၄။ တုန်းဘောင်နန်းဘွင့်ရတုဘွဲ့သဖြန် ၁၅၅
၅။ စိပ်ပုတီးဘွဲ့ လေးဆစ်ကဗျာ ၁၅၆
၆။ တန်ခူး၊ ကဆုန်၊ နယုန်ဘွဲ့ သဖြန်ချိုး ၁၅၇
၇။ ဝါဆို၊ ဝါခေါင်၊ တော်သလင်းဘွဲ့ သဖြန်ချိုး ၁၅၈
၈။ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လ သဖြန်ချိုး ၁၅၉
၉။ ပြာသို၊ တပို့တွဲ၊ တပေါင်းဘွဲ့ သဖြန်ချိုး ၁၆၀

mgyoe.com

mgyoe.com SAMPLE BOOK


၁၀။ ၁၂ လ အချုပ်၊ ဆောင်ပုဒ်သဖြန်ချိုး ၁၆၁
၁၁။ မင်္ဂလာ နေ့နံဘွဲ့သဖြန်ချိုး ၁၆၂
၁၂။ (၂) ရင်းသဖြန်ချိုး ၁၆၂
၁၃။ (၃) ရင်းသဖြန်ချိုး ၁၆၃
၁၄။ (၄) ရင်းသဖြန်ချိုး ၁၆၃
၁၅။ (၅) ရင်းသဖြန်ချိုး ၁၆၄
၁၆။ (၆) ရင်းသဖြန်ချိုး ၁၆၄
၁၇။ ကူးရှင်းဟိုက်စကူး သပိတ်မှောက်ခြင်း (ဆောင်ပုဒ် ၂ ဆစ်) ၁၆၅
၁၈။ ရင်း (ဆောင်ပုဒ် ၂ ဆစ်) ၁၆၅
၁၉။ ရင်း (ဆောင်ပုဒ်စည်တော်သံ) ၁၆၆
၂၀။ ရင်း(ဆောင်ပုဒ်စည်တော်သံ) ၁၆၆
၂၁။ သပိတ်မမှောက်ဘို့ရာ ဆောင်ပုဒ်တဗျာ၊ ဝါထာလေးဆစ် ၁၆၇
၂၂။ ဒေါင်းတဘောင်ရှင်းပြရန် တောင်းပန်ချက် လေးဆစ်တဗျာ ၁၆၈
၂၃။ ငါးထပ်ကြီးဘုရားဘွဲ့ လေးဆစ် ၁၆၉
၂၄။ ၂ ချိုးကဗျာ ၁၇၀


တေးထပ်ကဗျာများ


၁။ မတာသကြဲန်ဘွဲ့ တေးထပ်ရိုး ၁၇၂
၂။ ဝါဆိုထီဘွဲ့ တေးထပ် ၁၇၃
၃။ ပြည်မြို့ကွန်ဇရင့်ဘွဲ့ တေးထပ် ၁၇၄
၄။ ယူနီဘာစီတီဘွဲ့တေးထပ် ၁၇၅
၅။ "ဘွိုင်းကောက်" အမေး-တေးထပ် ၁၇၆
၆။ တေသာဘွဲ့ တေးထပ် ၁၇၇
၇။ လျှောက်လွှာတေးထပ် ၁၇၈
၈။ ကိုယ်ရည်သွေး တေးထပ် ၁၇၉
၉။ ဒေါင်းဋ္ဌိကာသစ်ကျမ်းကို ဆန်းညှိသည့် ဂဏ္ဍိဘွဲ့ တေးထပ် ၁၈၀
၁၀။ ဆန်ခံဘွဲ့ တေးထပ် ၁၈၁
၁၁။ အဘိယာစက တေးထပ် ၁၈၂


mgyoe.com

mgyoe.com SAMPLE BOOK


၁၂။ မြန်မာ့အသင်းချုပ်ကြီး ဘွဲ့တေးထပ် ၁၈၃

၁၃။ ဥတ္တင္ဒနှင့် ဒုက္ခတေးထပ် ၁၈၄

၁၄။ ဘတန်းကောလိပ်ကျောင်းဘွဲ့ တေးထပ် ၁၈၅

၁၅။ ပုညရင်ဘုရားဘွဲ့တေးထပ် ၁၈၆

၁၆။ နှစ်ထပ်ချ တေးထပ် ၁၈၇

၁၇။ ဘွိုင်းကောက်ဘွဲ့တေးထပ် ၁၈၈

၁၈။ ပဏာမပင့်ညာဉ် ဥယောဇဉ် တေးထပ် ၁၈၉

၁၉။ သပိတ်လှူတရားပွဲ၌ နွားမကွဲအောင် ရေးစပ်သော တေးထပ် ၁၉၀

၂၀။ ဘွိုင်းကောက်ဆောင်ပုဒ် တေးထပ် ၁၉၁

၂၁။ ဘွိုင်းကောက်ဆောင်ပုဒ် တေးထပ် ၁၉၂

၂၂။ သပိတ်မှောက် ကျောင်းသားများဘွဲ့တေးထပ် ၁၉၃

၂၃။ အဘိယာစက တေးထပ် ၁၉၄

၂၄။ မန္တလေးမြို့ "ရတနာမာရ်အောင်" စေတီတော်ဘွဲ့ တေးထပ် ၁၉၅

၂၅။ မန္တလေးမြို့ "လောကရန်နိုင်" စေတီတော်ဘွဲ့ တေးထပ် ၁၉၆

၂၆။ မန္တလေးမြို့ "ရတနာတန်ဆောင်" စေတီတော်ဘွဲ့ တေးထပ် ၁၉၇

၂၇။ ပဏာမ တေးထပ် ၁၉၈

၂၈။ အာသီသ ပတ္ထနာဆုတောင်း တေးထပ်များ (က) ၁၉၉

၂၉။ အာသီသ ပတ္ထနာဆုတောင်း တေးထပ်များ (ခ) ၁၉၉

၃၀။ အာသီသ ပတ္ထနာဆုတောင်း တေးထပ်များ (ဂ) ၂၀၀

၃၁။ ပါဠိဘာသာ ကဗျာတေးထပ် ဆုတောင်း ၂၀၁

၃၂။ အာသီသ တေးထပ် ၂၀၂

၃၃။ ခင်အုံရေး အမူးသမား တေးထပ် ၂၀၃

၃၄။ သေအရက် တေးထပ် ၂၀၄

၃၅။ ရာဇဝင် တေးထပ် ၂၀၅

၃၆။ ဘုန်းတော်ဘွဲ့ရှစ်ဆယ်ပေါ် တေးထပ် ၂၀၆

၃၇။ မန္တလေးမြို့ လောကမာရဇိန်စေတီတော်ဘွဲ့ တေးထပ် ၂၀၇

၃၈။ မောင်းထောင် ဦးကျော်လှ၏ ဗိုင်း၊ ဝါ၊ ရက်ကန်းသံချိုကို ထောက်ခံချက် တေးထပ် ၂၀၈

၃၉။ ဒေါင်းငှက်ကာ နိမိတ်နှင့် ဒယ်လီကိတ်ဘွဲ့ ရှစ်ဆယ်ပေါ် တေးထပ် ၂၀၉


mgyoe.com

mgyoe.com SAMPLE BOOK

၄၀။ လယ်တီ နိုင်ငံခြားသာသနာပြုအသင်းကြီး မင်္ဂလာသြဘာ တေးထပ် ၂၁၁
၄၁။ ငါးဆူဒါယကာ တောင်ငူရောက်မင်း အမှားပုံ တေးထပ် ၂၁၂
၄၂။ မြန်မာ့ဗေဒျာသတင်းကို ထောပနာသည့် သြဘာဂီတိ အသီတိ တေးထပ် ၂၁၃
၄၃။ သပိတ်အလှူတရားပွဲကြီးအဆုံး နိဂုံး တေးထပ် ၂၁၅
၄၄။ ဆွာရတ်နှင့် မှိုင်းဘွဲ့ တေးထပ် ၂၁၇
၄၅။ မှိုင်းဘွဲ့တေးထပ် ၂၁၈
၄၆။ ကိုယ်ရည်သွေး ၂၁၉
၄၇။ ဆရာ့ကိုယ်ရည်သွေး ၂၂၀
၄၈။ ကေသာဝတီရေးသော ခွေးဂဏ္ဍိ ဥယျာဉ် ၂၂၁
၄၉။ ပုညဝတီရေးသော ခွေးဂဏ္ဍိ တေးထပ် ၂၂၂

**ရတု / ရဲတင်းလင်္ကာ**

၁။ တောလား‌ပိုဒ်စုံရတု ၂၂၆
၂။ ငါးထပ်ကြီးဘုရားတိုင် ရဲတင်းလင်္ကာ ၂၂၇

**နောက်ဆက်တွဲ**

လေးချိုးကြီးအဖွင့်စာကြောင်း အက္ခရာစဉ်အညွှန်း ၂၂၉

mgyoe.com

mgyoe.com SAMPLE BOOK

## သခင်ကိုယ်တော်မှိုင်းကဗျာများ စုစည်းသူ၏ အမှာစာ

'သခင်ကိုယ်တော်မှိုင်း လေးချိုးပေါင်းချုပ်' စာအုပ်ကို 'စိတ်ကူးချိုချို အနုပညာ' စာပေတိုက်က ၂၀၁၂ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေခဲ့ပါသည်။ ထိုစဉ်က ညှိနှိုင်းကိုးကားခဲ့သော စာအုပ်များမှာ–

၁။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း လေးချိုးပေါင်းချုပ်(ပထမတွဲ) (ရွှေကိုင်းသား တည်းဖြတ်)

၂။ ခွေးဋီကာ (သခင်ကိုယ်တော်မှိုင်း)

၃။ ဗိုလ်ဋီကာ (သခင်ကိုယ်တော်မှိုင်း)

၄။ သခင်ကိုယ်တော်မှိုင်းလက်ရွေးစင်လေးချိုး ၁၀၀ (မောင်တင်ရွှေ–စုစည်း၊ မင်းသုဝဏ်–တည်းဖြတ်)

တို့ ဖြစ်ပါသည်။ ထိုစဉ်က သခင်ကိုယ်တော်မှိုင်း၏ လေးချိုး စုစုပေါင်း (၁၇၁) ပုဒ် စုစည်းနိုင်ခဲ့ပါသည်။

ယခုတစ်ဖန် 'သခင်ကိုယ်တော်မှိုင်း လေးချိုးပေါင်းချုပ်' စာအုပ်တွင် မပါဝင်သေးသည့် လေးချိုးများ၊ တေးထပ်များနှင့် အခြားကဗျာများကို လက်လှမ်းမီသမျှ ထပ်မံရှာဖွေစုစည်းထားပါသည်။ မှီငြမ်းကိုးကားသော စာအုပ်များမှာ–

၁။ မျောက်ဋီကာ (သခင်ကိုယ်တော်မှိုင်း)

၂။ မျောက်ဂဏ္ဍိ (သခင်ကိုယ်တော်မှိုင်း)

၃။ ဂဠုန်ပျံဒီပနီ (သခင်ကိုယ်တော်မှိုင်း)

mgyoe.com

mgyoe.com 

၄။ ဘွိုင်းကောက်ဋီကာ (သခင်ကိုယ်တော်မှိုင်း)
၅။ ဒေါင်းဋီကာ (သခင်ကိုယ်တော်မှိုင်း)
၆။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းလေးချိုးပေါင်းချုပ် (ပထမတွဲ) (ရွှေကိုင်းသားတည်းဖြတ်)
၇။ ပြည်သူ့စာဆို သခင်ကိုယ်တော်မှိုင်း (သခင်ဖေသိန်းပြုစု) တို့ ဖြစ်ပါသည်။

ဤသို့ စုစည်းရာတွင် လေးချိုးအပုဒ်ရေ (၆၀) ထပ်မံ ပေါ်ထွက်လာပါသည်။ ထို့ကြောင့် ယခင်စာအုပ်မှ (၁၇၁) ပုဒ်နှင့်ပေါင်းလျှင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လေးချိုးလက်ရာ စုစုပေါင်း (၂၃၁) ပုဒ် စုစည်းနိုင်ပြီဖြစ်ပါသည်။ သို့သော် ဆက်လက်ရှာဖွေရမည့် စာအုပ်စာတမ်းများ ကျန်ရှိပါသေးသည်။ တတ်နိုင်သမျှ ကြိုးစားရှာဖွေသွားမည်ဖြစ်ကြောင်း အစီရင်ခံအပ်ပါသည်။

[မှတ်ချက်။ ။ ကဗျာပါ သတ်ပုံများကို မူရင်းပုံနှိပ်မူအတိုင်း ဖော်ပြထားပါသည်။]

မြင့်စိုးလှိုင်
(စုစည်းသူ)
ဇူလိုင်လ၊ ၂၀၁၆ ခုနှစ်၊
ရန်ကုန်မြို့။

mgyoe.com

mgyoe.com
SAMPLE BOOK

## မဟာလေးချိုးကြီး / လေးချိုးကြီး / လေးချိုး / သံချို

mgyoe.com

mgyoe.com

SAMPLE BOOK


# ပုဂံသကြင်္န်ဘွဲ့လေးချိုးကြီး

ဆန်းထူးဝါနီ–အရွက် ရော်ကာမြန်းချိန်မို့
(သြော်) တန်းခူးရာသီမဖြင့်
... မန်းနဖူးအညာဆီ–အထက်မနော် လွမ်းလောက်ပေရဲ့
သွန်းမြှုးဖြာစီ–ကရမက် အကျော်အဖျော်တွေဖြန်းပါလို့
အခက်အလက်–တော်ရာ ရော်ရာပန်းတွေနှင့်
ခူးသမို့ ချွေကပ်တယ်။
(ကေသာရယ်) စက်တော်ရာ စခန်းမှာဖြင့်
ဖူးလို့ ရေသပ္ပါယ်။

(သြော်) ပြန်လှန်ဆပြန်တော့ သင်္ကြန်ကျချိန်ပေါ့
ယမန်သမယဆီက၊ ပုဂံသမတရှင်ဘုရင် "သားမြွာဘ" ပါတဲ့
ဆောင်းမှန္တေအလည်–ဘုန်းရောင်တော်ပြနေကြ
မောင်းမ ရွှေညီ–မဟေသီ သုံးထောင်ကျော်မျှရယ်နှင့်
သည်လ–နွေရာသီမဖြင့် ဆွေကလျာမဒီတွေကို
ချစ်စိတ်စမ်းလိုတဲ့ အားရယ်နှင့်
ဧရာဝတီ–မြစ်ဆိပ်ကမ်းတခိုသို့ သွားပါလို့
... ရွှေနန်း အစဉ်အလာ၊ ရေဖြန်းမင်္ဂလာကစားစဉ်က
ချစ်အားတော် ဗလောင်ဆန်ကိုမို့
တဆောင်စံ–စောလုံပက်စဉ်က
သွက်သွက်လယ် ကြမ္မာင်ဘို့
ရက်စက်တယ်ခမျာထင်လို့မို့

mgyoe.com

mgyoe.com SAMPLE BOOK


အစာတွင်–အဆိပ်သေမဲ့ ဆေးရယ်နှင့်
မဟာ ဘုရင်ကို–တိတ်တိတ်သေဟဲ့လို့ ကျွေးလေတော့
ပြစ်ရေးတော် ရာဇဝတ်ကယ်နှင့်
ကွပ်ညှပ်ပုံတအာဏာကြောင့်
ခမျာမှာ ခန္ဓာတောင် ဆုံးရှာတဲ့ တိတ်ထုံး ရာဇဝင်ကဖြင့်
ဆရာရှင်ပြန်လှန်လို့ ဟောရတော့
တောကြီး အလယ်မှာနော်ကွယ်
မနောသတိ၊ ဖေါ်မချိအောင်ပ၊ မောမိသကွယ်။ ။

သေလမ်းဝင်–မှောင့်ရှာတဲ့တမိရယ်ကြောင့်
ရွှေနန်းရှင်–မောင့်မှာဖြင့် မချိပြီမို့
စောင့်ပါခလှည့်၊ စောင့်ပါခလှည့်ရယ်လို့ တ–ရလေရှာကွယ်။
(အို) သမတနေလာနွယ်မှာဖြင့် ဖိုဇျာပါအများ။
(ပုညဝတီရယ်) ဘဝ သေပါဟယ်လို့ ဆိုကာ ငိုဒါမနား။ ။

ညချမ်းခါတွင်၊ ပလ္လမ်းကာ အသာဝင်တဲ့
(လ) စန်းရတနာ အသွင်သို့
ဘမရာတပင်–မဟေသက်လျာတပါးကိုလ
ငါဘုရင်–ရေပက်ထာဖြင့်–မှားပေါ့ဟဲ့လို့
တရားသံဝေ–ဖြေမဖျောက်နိုင်တဲ့၊ ရွှေပေါက္ကန် မြန်မာမင်းလိုပ
ခါသင်္ကြန်–နွေကဘဲရယ်လို့၊ ရေပွဲမှာ အပျော်တွေစည်မှုဖြင့်
ကတော်ဒေဝီ အရှက်ကွဲအောင်ပ
မျက်နမဲ–မျက်နဖြူ–ပက်သူတွေ ကလဲပေါ်ပေသမို့
... မန်းစက်ရတနာ ပလ္လင်မလေ–ဘန်းစကြာရှင်တွေ စောစောဘို့
... ကမ္ဘဋ္ဌာန်းပြဆရာမှာ ဝမ်းမသတသာနှင့် ဟောလိုက်ပါရဲ့
(အမယ်မင်း) ဒေါပုံအလှဲ့–သံသရာရေအပြင်မှာ ကြွားသူတို့ကဖြင့်
သဘော မဆုံသနဲ့–မခံပါချင်လျှင်လဲ မကစားကြလေနှင့်
(အိုမယ်ကုမ္မာရဲ့) ချောဂုဏ်နဲ့ နွဲ့ရှာတဲ့
စောလုံရဲ့–ပုဂံရာဇဝင်တရား။ ။

mgyoe.com

mgyoe.com SAMPLE BOOK

# ရူပဝတီ မေးထိုးသော
# လေးချိုး

(အမယ်မင်း) ရသေ့မတွေမဖြင့် ယနေ့မှခက်တော့တယ်။

(ညော်) တဆိတ်လျှောက်ပရစေဦး
သပိတ်မှောက်ရမှာကလဲ စိတ်နောက်ကိုယ်မပါနှင့်
ထိုဆရာ လိုရာ မြန်းရင်တော့
ဖိုဗျူပါ ကိုယ်မှာ နွမ်းအောင်ပ လွမ်းရတော့မယ်။ ။

ရွှေကိုယ်တော် ဆရာမှိုင်းမှာဖြင့်
နေညိုညိုမနော်–အညာ စိုင်းရော့ မတဲ့
ရတနာစကိုင်းမှာတော့ အကွက်လယ်
အို မျက်နှငယ်တွေမှာတော့– ခက်တယ်ဘုရား။ ။

တားရဲ့သခင်၊ သွားမဲ့တပြင်ပြင်နှင့်
မကြင် ချင်–ပြင်ပြင်စိမ်းပုံက ထိန်းမနိုင်–ချည်မရငယ်နှင့်
နမ, အရွှေလိုက်ချင်တဲ့ နဘိုက်, ရွှေနသိုး ရယ်တို့
ကြိုးပြတ်ခါအတွင်လယ်သို့
တပင်နွယ် မာလာပန်းတို့ကိုလ
မခင်တွယ် တခါမြန်းရော့မတဲ့
(အမယ်မင်း) ရတနာဘန်းကလေး လှလှတွေကမှ
ဘာဝနာ ကမ္မဋ္ဌာန်းပေးကြွတော်မူလိုတဲ့–
ရသေ့ဘာသာတရားတွေနဲ့ တွေ့ကရာသွားမဲ့သူရဲ့
(ညော်) သဒ္ဒါတင်မ်းငမ်းနှင့်
ဂဏာဆွမ်း ကျွေးကြမဲ့ အညာမန္တလေးကျရင်ဖြင့်
ဆရာနခမ်းမွေး တသသနှင့်
ကျွန်မတို့ မေ့မှာလား။ ။

mgyoe.com

mgyoe.com SAMPLE BOOK


## လေးချိုးကဗျာအဘွဲ့နှင့် မှာခဲ့ပုံ

လွမ်းရက်နော်–တမူဝေးရမဲ့
မန်းစက်တော်–သူကလေးတွေကြောင့်
(အို) ပူသေးရဲ့ မှိုင်းရွှေကိုယ်။ ။

(ညော်) ရသေ့မ အများကိုဖြင့်
တွေ့စကဘဲ သနားတာမို့
တနေ့ တညမှလဲ မထားခဲ့ချင်ဘုနော
မသွားလျှင်မနေသာတဲ့
ရွှေအညာ–အထက်တပည့်မများကိုလဲ
ဝနေဝနာ–အကွက်အစိအငှသွားသွားပြီး
သေသေချာချာ–တချက်အလှည့်ကျ သနားချင်သမို့
တရားတော် အမြိုက်ဆေးကိုလ
တိုက်ကျွေးမယ်စေတနာငဲ့ပြင်
ကဝေဆရာ အဂ္ဂိရသမားမှာဖြင့်
ရွှေငွေရတနာ–လက်ရှိလှလှ ထွားအောင်ပ။
... (ညော်) နဂါးတည်း ဟူသော ပြဒါးသတ်စရာ–
ပြားသလိုနဲ့ ခုံးချင်တဲ့၊
ဖါးဆိုတဲ့ ဂမုန်းအပင်–ဥတမျိုးရယ်နှင့်
ဆရာ့စိတ်ရှိသလောက်သာ–ဓနသိဒ္ဓိပေါက်စရာ ကြိုးနိုင်မှ
အမျိုးဘာသာနှင့် သာသနာ–ပညာ ထွန်းမဲ့ပြင်
အစွမ်းကုန် ကမ္ဘာနဲ့ချင်လို့
ငါဟဲ့အားအန်ကိုးပါလို့
ချောင်ခိုကာ–တောင်ရှိ ရိုးမှာကွယ်
ထိုးရမကို။ ။

mgyoe.com

mgyoe.com


လိုချင်သဟာ–လိပ်ပြာအသစ်ကယ်နှင့်
ဖိုစင်မှာ ဝိဇ္ဇာဖြစ်တောင်မှ
(ဩော်) သိက္ခာချစ်သူတို့ကဖြင့်
ဆိတ်စာမှ မလစ်ပါဘု–ယင်းသို့လို
အင်းအနို့မိုကြောင့်၊ (အို) မင်းတို့ကိုဖြင့် ဆရာမမုန်း။ ။

သွားရပါမယ်
အားကငယ်သာငယ်ကြတဲ့
တားကြသူ အဆာကျယ်တို့ရဲ့
ဆရာ တကယ်–အညာနယ် စကိုင်းမှာဖြင့်
အခါလယ်–တဝါရယ် ထက်ဖြင့် မဆိုင်းပါဘု
ကိုမှိုင်းမာပါစေရဲ့ပြင်
ညှာသပြေ ငွေခရင်ယ်နှင့်
ဆရာကဝေ ဇေယတုရယ်လို့ ချွေဆုပဋ္ဌနာသသပြီး
ပါဒနက်သန် ရွှေ ပလ္လင်မဖြင့်
နေဝင်လျှင် ရေစင်သွန်းပါလို့
တင်ဆွမ်းအာရဏ်ကပ်ထဲ့ပြင်
အောင်ရပ်ခေတ်ပြန်လို့ ထွန်းပေမဲ့
ဘောင်မြတ်သစ္စဗန်ကွန်းဆီက
(အမယ်မင်း) သွန်းနှစ်မြကုံးတို့မှာလ
ဩော် အကျွန်းဖြစ်ရတဲ့ တဘုန်းရယ်ကြောင့်
(ကျောင်းအမဗျာ) လွန်းရစ်ကြအုံး။ ။

mgyoe.com

mgyoe.com

## ကုမ္မာရီရေးသည့် လေးချိုးကြီး

အကောင်းကြည်စရာ–စေတနာသက်လေတော့
တသောင်းဒီပါ–ပြေမြန်မာရဲ့အတွက်ကယ်လို့
"ဒေါင်းဋ္ဌီကာ" ရွှေစာထွက်ချိန်မို့
တဇေယာ ကနက်ပေပ–အထက်တောရမှာ
(ဆရာကြီးမှာရှင်) ပေလွှာကထွက်ပေတဲ့
ဒေသနာဓမ္မစက်ကိုဖြင့်
ရွှေဗျာမြွက်ပါလို့ ဟောပြရှာ။ ။

(သြော်) ကဝိ,တပသ ရယ်က၊ တပြည့်မတို့ကိုလ
စိဇ္ဇအောင် စာပေ သင်လို့မို့
သဒ္ဒါ အခြေတွင်တွင်–သင်္ဂြိုဟ်ပရမတ်တရားကိုလ
မှတ်သားရန် ဓလေ့သဘောတွေနဲ့
နေ့ရောညပါ ပြကာ သကာ ကြိုးတဲ့ပြင်
တောင်ရိုး အလှဲ့ တောစွယ် ပန်းမြိုင်ချုံအနီးတွင်မှ
ချောင်ကိုးတဲ့ အချောငမယ်တွေကို
ကမ္မဋ္ဌာန်းထိုင် ပုံနည်းတွေနှင့်
ခရီးသည်ဆရာသခင်က
အမတာပလ္လင် ပေါက်စေသားရယ်လို့
မကြာမကြာပင် နှောက်မွေလို့သွားပေသမို့
အညာတခွင် အောက်ပြေတလွှားမှာဖြင့်
တရားအမျှ ဒေသနာကိုနော်ရှင်
အားရ ပါးရ အဝါး–ဝအောင်ပ
ကြားရပေဒါ။

mgyoe.com

mgyoe.com

SAMPLE BOOK


ဇမ္ဗူကမ္ဘာမှာ အသစ်မြန်မာမန္တမ်းစေဘို့
အဖြူ အဝါ၊ ဖြစ်စရာ စမ်းမယ်လို့
(ဩဘ်) ခေတ်အညာစခန်းတွင်ဖြင့်
ဓမ္မစစ် ရတနာကမ္ဗဒ္ဓာန်းရယ်နှင့်
ပြဟ္မစိုရ်မိုဃ်းရွာ၊ ရှိရိုးဝနာရယ်တဲ့
ချောင်စက ဝါမြေတလွှား။
(ကျမတို့ ဆရာကြီးမှာတော်)
ကိုယ်အမျိုးဘာသာတွေဘို့
ဖိုထိုးရာက–အောင်ပါစေသား။ ။

ချစ်စရယ်ရှည်၊ ခေတ္တာရွှေပြည်မှ
ဘောဒါရီ–နောက်ပေါ်တကာမတွေက
ဆရာ့အတည်ဘမ်းချင်ရော့သလ
ပြည်လမ်း စုန်တော်မူတော့
ရဂုံမော် အငူတခွင်–ကြိုင်ကြိုင်လှျမ်းအောင်ပ
မြိုင်ပန်း သဇင်သင်းပေတဲ့
အင်ကြင်းမြှောင်သာတဲ့ရပ်တွင်ဖြင့်
ဝါကပ်ဘွယ် အသင့်ကျောင်းတွေနှင့်လို့
ခွင့်တောင်းကာ–အပါဆွဲပေမဲ့
စာပွဲသဘင်ခါမို့၊ မင်္ဂလာ မြို့စကိုင်းဆီက
တို့–မှိုင်း–ဘယ်ကိုမှ မထဲ့နိုင်ဘု
တပဲ့မတွေ–ကြည်သာဘို့ တမျိုးသာပ
တလှဲ့မှု–သည်မှာကြိုးပါတော့
(အမယ်မင်း) ရိုးရာမပျောက်
တန်းခိုးသမ္ဘာတောက်ပေမဲ့
ရွှေအညာသားပေမို့
အမျိုးဘာသာ ထောက်လျှင်ဖြင့်
ဇေယာက မသွားသင့်ပါဘု
(အို ... ဦးရွှေမှိုင်းရဲ့) တမိုဃ်း တဝါလောက် နေပါဘုရား။ ။

mgyoe.com

mgyoe.com

## မှာတမ်း လေးချိုး

မချစ်သာပြစ်ခါစိုင်းရပေမဲ့
မစွတာဆရာမှိုင်းမှာဖြင့်
(အို) ခါတိုင်း ထက်ပူသကွယ်။ ။

သြော်-နိမိတ်ပဲပေးရှာသလ
စိတ်ထဲက လေးလေးပြီး
ရိပ်ခနဲ ရိပ်ခနဲ တွေးမိပုံက
ဝေးမဲ့သူ-အညာနေတို့နှင့်
ဆရာကဝေ ဥက္ကဋ္ဌမမြချိန်မို့
တရွာတပြေ-မုချကွဲရင်ဖြင့်
ခများတတွေမှာ ဒုက္ခဘဲရယ်လို့
မိတ်ဆရာ စိတ်မှာစွဲပြန်တော့
(အမယ်မင်း) မမြသပ ငနဲမတွေကြောင့်
အဲကွ-ခက်တယ်။ ။

မြစ်ညာမှာ-နေရိလို့ ညို့ချိန်တော့
ခေတ္တရာရွှေပြည်မြို့ဆီက
ကေသီမှို့-ပန်းစမွှယ်လို၊
(အို) ကမ္ဘဋ္ဌာန်းသယ်တွေကိုဖြင့်
လွမ်းမယ် တမျိုး။ ။

mgyoe.com SAMPLE BOOK


ဆရာ့တွက်တာ
လထွက်လျှင် မကြာမကြာပ
ညဘက်မှာ ဘာဝနာနှင့်
တစာစာ မေတ္တာပို့တဲ့ပြင်
အနို့ကြောင့် ရတက်ဇောတွေနှင့်
မက်မောကာ မပြေသူတို့ရဲ့
နေပူလျှင်–ဆန်ခံလဲ မထွက်ရစ်ပါနှင့်
တသက်မပြစ်စရာ ဆရာဆောင်တဲ့
အညာစောင်ဖျင်အထည်သို့
ပင်နီရောင် သည်သက်န်း ကိုကွယ်
(အမယ်မင်း) မှန်းလို့ ရှိခိုး။ ။

mgyoe.com

## ရေလား လေးချိုးကြီး

လျှောက်ပေလျှောက်လှာ–သဒ္ဒါခင်မင်တဲ့ အစွမ်းတွေကြောင့်
အောက်ပြေ အောက်ရွာ ဆရာအတွင် မြန်းရပါတော့
ပလ္လင်ကြငှန်း တခွင်မန်းရယ်နှင့်
ခင်တန်းသာတဲ့၊ ဝနာအလှဲ့–စကိုင်းမြေတခို။
(အိုကွယ်) အကြင် ကမ္ဗဒ္ဒာန်း ဆင်ခြင်လို့လဲ မမှန်းနိုင်ဘု
တငင်ငင်နှင့် လွမ်းလွမ်းပြီး၊
တမြင်မြင်နဲ့ဘဲ လှမ်းရပါတော့ ...
(ဩော်) ဘဝင်မချမ်း မရှင်လန်း ပင်ပန်းပါရဲ့– "မှိုင်း" ရွှေကိုယ်။ ။

(ဩော်) မချိသမျှကိုဖြင့်၊ မသိကြလေဘူးနော်
တပည့်မတို့ ဆရာမှာ မနေသာကြဲ့လို့မို့
ရေဇလာယမုန်၊ ဇရာစုန်လို့ ဆင်းခဲ့တော့
မြင်းမူမှာ အသင်းသူတွေက တားရက်ကနှင့်
စိတ်များမကြည် ညစ်ပေမဲ့ မိတ်အား အမှီ ဖြစ်ချင်သမို့
အတည်ချစ်ပါလျှင် အရှည်မေတ္တာစရိုက်ပေပေါ့
သည်နှစ် တဝါမှကွာ ပြည်ခေတ္တရာကို လိုက်ခဲ့ကြပေတော့လို့
ကတိုက်ကရိုက်နော် အမြန်မှာလို့မို့
တဖန်တခါ နောက်အဘို့ကြုံခါမှဘဲ ဝင်တော့မယ်လို့
အဟံ –ငါဆရာအောက်သို့ ---------
--------------------------*

စင်ယော်တွေ ကြင်ဘော်နှင့် ကွဲသလိုပ
(အိုကွယ်) မခွဲချင်ခွဲချင်နှင့် ခွဲခဲ့ရပါတဲ့

---

* မူရင်းစာသား မထင်ရှား

mgyoe.com

mgyoe.com SAMPLE BOOK


ပုလဲတသခ်ကလေးတို့နှင့်
(သြော်) ကွဲချင်သမျှကွဲရောဟဲ့လို့
မနဲပင် တ–တ–ပြီး သဲရင်ဝဖို။

ညချမ်းတောင် ဆရာ့မဇ လိုက်ပုံက
လ,စန်းရောင် မသာ့တသာကလေးတွင်မှ
(သြော်) တကာမ အသဟာကလေးတွေနှင့်
တညတခါအရေးပေါ့၊ ဓမ္မအရသာ ကျွေးမယ်လို့
တရားဟောသကို။
အသွားသဘော ထိုထိုရယ်နှင့်
အဖွားရော အအိုအပျိုတည်းဟူသော
အများသော ကိုယ်တို့မဖြင့် ရေပွက်ပမာအတိုင်း။
(အိုကွယ်) အများအစား မပြောလိုသဖြင့်
စကားကြောတိုတိုနှင့် ချွေမြွက် ဓမ္မာပိုင်း။ ။

ဟောပြီးခါ ဟောနည်းဖြေစရာပ
အဆွေသဟာ အပေါင်းအဘော်တွေနှင့် ကွဲခဲ့သူမဖြင့်
လေ့နာဝါ–ပေါင်းဘော်ရဲ့ အထဲမှာလ
လှဲ့တဲ့ကာ အသာလျောင်းပေတဲ့
အညောင်းပြေပါနိုင်နှင့် တစောင်းခွေကာ မှိုင်လို့မို့
ရွှေခတိုင်ကျောဆီက တောင့်တောင့်ပြီး
မအောင့်နိုင် ဘယ်ပြန်ညာပြန် လိမ့်ပါလို့
တလိမ့်လိမ့် တွန့်ခါလွန့်ခါ–အနေခက်တဲ့ပြင်
မစက်နိုင် တကြောင်ကြောင်နှင့်၊

mgyoe.com

mgyoe.com SAMPLE BOOK


ကိုယ့်ပေါင်–ကိုယ့်တတောင်နှင့် ကြိပ်ရတော့
အိပ်ပျော်အောင် အနှိပ်တော်ဆက်နေကြ
မန်းလကျာ–ဇေယျာဆီက
ကေသာဝတီပါ မေခါဝီကလေးတို့ကိုလ
တွေးတဲ့ကာ မျှော်ယောင်နှင့် တမ်းတမ်းပြီး
ခေတ်အညာ ဝနေတခွင်ကိုလေ
မေတ္တာရေစင်လဲ ဖြန်းလိုက်ပါရဲ့
(သြ) မထိတထိ မမိတမိနှင့် ...
မသိတသိသော သတ္တဝါတွေကို
ဣတိပိသောဘဂဝါတွေနှင့် မှန်းတဲ့ပြင်
(သြော်) ပန်းပုံနွမ်းပုံတရှိုက်နှင့် အိပ်မပျော်သူမှာ
မန်းဘုမ္မိဆီက အနိတ်ဇော်တွေကို
ထေယမ်း ဒုန္ဒုပရိပ်တော်နှင့်လဲ မန်းခဲ့ပါရဲ့
(အမယ်မင်း) ဆွမ်း လှဲ့လာသနဲ့
အကြေမြို့ဆိုတဲ့ ပြေသို့ တခါစိုင်းရပြန်တော့
ကျွမ်းခဲ့ပါတဲ့ ရှေ့ကိုယ့်ဆရာမှိုင်းမှာဖြင့်
(အို ပုညဝတီရဲ့) လွမ်းခဲ့ပါရဲ့ မေတို့ အညာစကိုင်း။ ။

mgyoe.com

 mgyoe.com SAMPLE BOOK 

## ရတုအလိုက် လေးချိုးကြီး

မကွေးမြသလွန် စေတီတော်ဘုရားတွင်မှ
သဋ္ဌေးလှစဟန် ထေရီ အဖော်များရယ်နှင့်
တရေးမျှမချန်–နေမည်သော်လဲ့ မအားနိုင်ဘု
(အို ကွယ်) အဝါးဝဝနှင့် အသွားလှကြစေဘို့
တရားဓမ္မကိုတဲ့ ဟောရပြန်။

(သြော်) အညာသားငဆောင်းတဲ့ဟဲ့
သဒ္ဓါတရား ကောင်းလိုက်ပုံက
ရွာနားကျောင်းမှာ တဝါဆိုပါလို့
ဆရာကို အနှာလိုလျှောက်သော်လဲ
ထိပေါက်သူ ဘေဒါရိတို့နဲ့
နေသာကီ–ဓမ္မရာဇ်ရာဇာ အမောက်စားတွေရဲ့
ပြေရာဇဋ္ဌာနီ ခေတ္တရာ အရောက်သွားရမှာကြောင့်
မနေသာပြီ တနှစ်တဝါလောက် တားပေမဲ့
သနားညာတာ အားနာပါတယ်လို့လဲ မဆိုင်းနိုင်ဘု
မှိုင်းတို့ မဖန်သာအောင်နော်ကွယ်၊ စိုင်းဘို့အမြန်။ ။

မဟာဆန်ဆန် သဒ္ဓါအလွတ်ရဲ့သူတို့ရဲ့
အညာပြန် ဝါကျွတ်ပွဲတွင်မှ
ဆရာမချွတ်မလွှဲပါဘု
ဝင်ချင်သပ အလွန် ဘုရင့်မျှာ–တံခွန်ပေပ
ဦးတင်ဘွယ်ဘုရား။
(အိုကွယ်) ရှင်ပင် မြသလွန်ကိုဖြင့်
ဖူးချင်တယ် မနား။ ။

mgyoe.com

ပြောပြီးခါတွင်
စောထိး ဘဂဝါ သခင်ရဲ့
သာသနာတခွင်၊ ဒုလ္လဘတွင်မှ
ကြုံကြသူ မြန်မာချင်းရယ်လို့
တကာရင်းနှင့် တကာမအရင်းတွေကို အခြေသဒ္ဒါလျှံဘို့
"စေတနာဟံဘိက္ခဝေ" တရားငဲ့ပြင်
ဝေသန္တရာ အတိတ်ပဝေစကားတွေနှင့်
သဘောထားအရာရာ စရိုက်ရွေးပါလို့
ဟောကြားကာ အမြိုက်ကျွေးပြန်တော့
(အမယ်မင်း) မကွေးမြဲသလွန်ဘဂဝါရဲ့ အပါးတွင်မှ
အရေးလှလှ ဓမ္မအမွန်ရတနာ တရားတွေကြောင့်
(ဘေဒါရီ ရယ်) သူငွေးမတွေကတောင်မှ
ဆရာ့ အလွန်သဒ္ဒါတကား။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## ဒိုင်ယာရီ လေးချိုး

ဘွေမန်းညာ ပြေစကိုင်းဆီက၊
ရေလမ်းမှာ အကြေစိုင်းရပြန်ပေါ့
(အမယ်မင်း) ရွှေမှိုင်းရဲ့ ဒုက္ခတွေ။ ။

(သြော်) ဂမုန်းသိုက်ကိုဖြင့်
အသုံးဆိုက်ပေသမို့ ဘုန်းလိုက်ခါ ဖွေရှာလို့
တဗေယာ–မြှောင်ရှိအဝပေပေါ့
ရွှေစကဝါချောင်ကိုကျပြန်တော့
ဆရာ့ကို ကြည်ညိုသဒ္ဓါလို့မို့
မိုခိုရာရှာသူ ကုမ္မာရီတို့နှင့်
အထုံပါရမီ ပါပစေလို့
တဝါတလေ စာပေမှမချခဲ့ရတာကြောင့်
ခဏတာ ရွှင်မပြုံးနိုင်ဘု
… (သြော်) မျက်နှငယ်တွေကို
ဘယ့်နှယ်အနေနဲ့ မုန်းရက်ပ
(ဘေဒါရယ်) ဘုန်းဖြင့် မကျေ။ ။

ဓာတ်ဆေးဝင် လုံမကွဲခင်က
မြတ်လေးပင်ချုံအထဲမှာလ
ထုံတွဲဘို့ ဖမ်းဒါတွေ၊
(အို) လွမ်းရှာပေလိမ့် ထင်ယောင်သေး။ ။

mgyoe.com

mgyoe.com

SAMPLE BOOK

မင်းမျှော့ဆရာ၊
အင်းဝမှာ–မည်တော်သာတဲ့
"ရှုသာ" ပြည်ကို စုန်သို့
သည်လိုပုံ ဆရာမြန်းရတော့
စိတ်မှန်းကာ လွမ်းစာရေးပါလို့
ဆိပ်ကမ်းသာယာ–ကွမ်းရွာကပေးခဲ့ရ
မအေးနိုင် ဖြေမသာနှင့်
ရေဇလာ ဧရာလှိုင်းတွင်မှ
ဧယာသူ–ကေသာတို့ အတိုင်းကိုကွယ်
(အမယ်မင်း) စကိုင်းနှင့်တဆိတ်ဝေးတောင်မှ
(ညြ) ကသိုဏ်းမထင် တထင့် နိမိတ်ပြေးသလိုမို့
(ဘေဒါရယ်) မှိုင်းဖြင့် စိတ်လေး။ ။

mgyoe.com

mgyoe.com
SAMPLE BOOK

## ဆောင်းဘွဲ့လေးချိုးကဗျာ

လ,တန်ဆောင်–ဆန်းလာကြပြီမို့
ညညတောင်–ချမ်းတာ စပြန်တော့
(ဘေဒါရီရယ်) မန်းညာနဂရကိုတဲ့ လွန်းမိတယ်။ ။

(သြော်) အညာ စကိုင်းဆီက
စကဝါဂိုဏ်းသူတို့၊ ဆရာမှိုင်းကြီး မလာမလာနှင့်
အခါခါ မျှော်ယောင်နဲ့ဆွေးမဲ့ပြင်
... (ဩ) ငိုမလို ညီးညီးပြီး၊ ဖိုမိးမဲ့သူတွေမှာ
ကိုယ်ထီးဘလာတွေးပါလို့
ဖျင်အထည် ပင်နီကလေးတွေနှင့်ရယ်၊ ကွေးရှာလိမ့်မယ်။

နေညိုမှူ–လွမ်းချင်လို့တွေးလိုက်တော့
ရွှေဘိုသူ "ဂျမ်းခင်" ကလေးတို့မှာဖြင့်
ချမ်းရင်အေးသော်လဲ့ ထွေးမလွယ်၊
(အိုကွယ်) ဝေးတနယ်က မြင်ချင်စမ်း။ ။

ခေတ္တရွှေပြည်၊ ချစ်စ ရှေမည်ကြောင့်
နွေဆီ–နေမည်လို့ စောနိုင်ဘု
ဘယ်တော ဘယ်တောင်နှင့်
ဘယ်ချောင် ဘယ်လိုမြန်းရပ
မန်းစက်တော် ရှိတပိုက်ကယ်နှင့်

mgyoe.com

mgyoe.com SAMPLE BOOK

ဇင်းကျိုက်တခိုကို
နဝင်းသိုက်အလိုနှင့် "ပြောင်း" ပြန်က
(ဩဘ်) အမှတ်တရ တဘောင်ပေါ်အောင်ဟာလေ
ပဗ္ဗတတည်းဟူသော ကဿပ တောင်တော်က
စောင်းကြပေလိမ့်
ဘယ်ဆီ ရှယ်ရည်လို့ ကျောင်းရပ
(အမယ်မင်း) ဆောင်းဦးသည်လ တုန်ခါ တုန်ခါ ချမ်းပြန်တော့
(အိုမယ်ညှာရဲ့) ချောင်းဦးဆီက၊ ပြောင်းဖူးသည် တကမတွေနှင့်
အလုံ မုံရွာကို လွမ်း။ ။

mgyoe.com

mgyoe.com

SAMPLE BOOK


## သံဝေဂ ကမ္ဘဒွာန်း တမ်းချင်း လေးချိုးကြီး

အစိန္တေယျ၊ အပ္ပမေယျ၊
ကျေးဇူးတော်အစုံ၊ ဂုဏ်တော်အနန္တတွေနှင့်
(ဩော်) ဝတိန်ဝေဇယနှင့်တကွ၊ ပြေအမတကိုဖြင့်
အခြေတကျပေးဘူးသနော် အဖုံဖုံ–ပုံသော်စံမရနိုင်တဲ့
ပဝရုံ–ပဝရ တန်ခိုးအသွယ်သွယ်ဖြာ
(အိုကွယ်) အဟံ, တပသ, ရယ်က
ပရမံ–ပရမ တည်းဟူသော
အရဟံ ဘဂဝ ကိုတဲ့ ကိုးကွယ်ပါ။

(ဩော်) စာအရှိနှင့် ပါဠိပြလိုက်မကွဲ.
... ဉာတိ–ပဝါရိတတည်းဟူသော
တကာတပည့်မတို့ရဲ့ ဆရာကဝိဓဇမှာဖြင့် ...
(ဩော်) ဇာတိက စစပြီး
ဗျာဓိမရဏာဆိုတာ ကိုယ်မှာမဝေးပြီဘု၊
သက်လေးဆယ်–ငါးနှစ်တွင်းပေမို့
သေမင်း သူခေါ်ရာသို့
သူသော်တကာ ကန္တဲ့ကရကလေးတွေက
တမ့်မဲ့ တတတနဲ့၊
ခဏခဏ တားသော်လဲ့ ...
ကူဘော်မပါ–တပဲ့မတွေ ထားပါလို့
ဂူပျော်ဆရာမှာ အလုံ့ကျရင်လဲ သွားရပါလိမ့်
အနားကဘောဒါပါနော်ကွယ်
သနားစရ၊ အပါးခရာတဲ့၊ ကြားစ ခေမာ။ ။

mgyoe.com

ကိုင်း–အနို့ကို အကြင် အနတ္တတရားပေမို့
"မှိုင်း" တို့လို အမြင်ကပ်စရန့်
အညတြထားလိုက်ပါအံ့။
(သြော်) သခင်မြတ်စွာဘုရားသော်မှလဲ
အမိဋ္ဌာန်ဓမ္မရယ်နှင့် မနေသာ။
အနိစ္စံဝတ, ဒေသနာပေပ–ဘရ ကိုယ်တော်အကြောင်း။
(အိုကွယ်) နိဗ္ဗန္နတည်းဟူသော
ရိပ်ပျံအမတ တဓေယာကိုတဲ့ ကိုယ်တော်ပြောင်း။

ခက်ပဲခက်တယ်၊
(သြော်) တချက်တချက် လွဲလွဲပြီး
ဘွက်ထဲ တတွယ်တွယ်ပ၊ စက်ဝဲတလယ်လယ်နဲ့
ထွက်ခဲမယ် ထင်သာထင်သို့
အကြင်ငါလျှင်– ယောဂီ ဆရာမှိုင်းမှာဖြင့်
အရညဝါတခွင် တောဆီဝနာ စိုင်းပါလို့
ကသိုဏ်းဘာဝနာ သင်စရာပ
သမိုင်းရာဇဝင် အလာနှင့်
ကဗျာလင်္ကာ ထင်ရာ ဟောတဲ့ပြင်
သဘောအနေစေတနာ ရှင်ရှင်နှင့်
ပြေမြန်မာတခွင်မှာ
ရွှေပဒေသာပင် ငွေပဒေသာပင် ပေါက်ကရော့ဟဲ့လို့
ရောက်တတ်ရာ ကိုယ်အထင်နှင့်
ရှိုဝင်မှာ ဖိုဆင်လို့ထိုးပေမဲ့
အမျိုးကို အသပြာရွှေငွေ မထောက်နိုင်တဲ့ပြင်
အဖိုးအို ဇရာအခြေလဲရောက်ခဲ့ပေါ့
သေပေါက်တယ်မဝေးပြီမို့
သွီးနှယ် မြီးရှယ်ကလေးတို့ကိုလ
တွေးမိလျှင် ဆရာသနားခဲ့ပါရဲ့

mgyoe.com

mgyoe.com SAMPLE BOOK


အလားအယူ မဖြောင့်စေဘို့
အများအပူအမှောင့်တွေနဲ့
တထောင့်မှာထိုင်ကာ ရီမိတဲ့ပြင်
"ဒိုင်အာကီ" ပါ "ဟုမ်း" ဆိုတဲ့ "ရူး" ကိုဖြင့်
မှိုင်ကာမကြည် ပြုံးလိုသနဲ့မှ မပြုံးသူမို့
အထူးဘယ်က ကောင်းတယ်လို့
အပေါင်းမြန်မာချင်းတွေကဖြင့်
အကြောင်းဆရာ မရှင်းပြီဘု
လောကီကို ယောဂီငြင်းလိုက်ကဲ့ ...
ဝန်တဏှာကျွန် ရာသွင်းချင်တဲ့
ဒေါသမောဟ အရာရာတွေပါ
လောဘရာဇာ ကင်းထဲ့အောင်
(အမယ်မင်း) နဝင်းအလှည့်နှင့်
သီတင်းပြည့်ပြည့် စိတ်သန်သန်ဖြင့်
မိဋ္ဌာန်ပဋ္ဌနာ ရွှင်ရွှင်တောင်းကြပေတော့
(ဘေဒါရီရယ်)
မင်းမရှိတဲ့ နိဗ္ဗာန်သာလျှင်အကောင်း။ ။

mgyoe.com

## ဖားဂမုန်းပေါ်ရာ တောအညာဘွဲ့ လေးချိုးကြီး

အပြားအခုံးသဘောနှစ်ဖြာ နှောကာ ထွေးနေကြ
ဖားဂမုန်း ပေါ်သဟာ တောအညာကျေးဆီက
ရောတခါ ရှာဘို့ ရှေးစရိုက် အခြေဝါသနာ
(အိုကွယ်) ချောစာရေးပါလို့ ပေးလိုက်ပလေရှာ။

(ပြော်) မိတ်ကလျာဏပေပေါ့
ဝိဇ္ဇာဓရဆီက ဘိတ်စာရပေမဲ့
ခေတ္တ− ဤရွှေပြည်၌
ချစ်ကြလျှင် နေပါမည်လို့
ကဝေဆရာအကြည် မြန်းသရော်နေ့ရယ်က
ဘေဒါရီ ကမ္ဗဋ္ဌာန်း အဖော်မအေ့ငဲ့ပြင်
ကေသာ ဝတီပါ− ခေမာ အလီလီတို့နှင့် တွေ့ပြန်တော့
ပန်းမွှေ့ရနံ့သာရည်စိုစိုနှင့်
ဆွမ်းဖြေ့ကာ သဒ္ဒါကြည်ညိုလို့မို့
ချမ်းမြေ့စွာ တဝါတရို ဆိုခဲ့ပေါ့
အညာဆီ တခိုကို−လာမည် လာမည်နဲ့
အနှာအနှိလို မှန်းသော်လဲ
ကမ္ဗဋ္ဌာန်း မဆုံးခင် တခြားဆရာ မကြွပါနဲ့တဲ့
ဘန်းခုံးရင် သနားစရာ တကမတွေကြောင့်
များစွာမှ အရာရာကိုနော်ကွယ်၊
အားနာစရာ့ သွားမှာစပြန်တော့ တားရှာကြတာ။ ။

mgyoe.com

mgyoe.com SAMPLE BOOK


ပြေဋ္ဌာနီ–မင်းတို့ ခေတ္တရာ အရပ်ဆီမဖြင့်
မနေပါပြီ–ယင်းသို့ အချစ်သဒ္ဒါဖြတ်မှာမို့
(သြော်) ရစ်ခါ ရစ်ခါ မပတ်ရအောင်ဟာ
သစ္စာ ပရမတ်တွေနှင့် ဖြုတ်စို့ကွာ၊
(အို) ကျုပ်တို့ အညာမှာတော့
ဟိုတော့အလုံ မုံရွာစခန်း။
(ဘေဒါရီရယ်) လုပ်ဘို့ ဝါသနာတွေကြောင့်
ဖိုရော–လုံပါ–ထုံပါ အကုန်သာထမ်း။

ရေးပြမကို၊
ပွေးမ, ပွေးဘိုတို့
ရှေးအဟိုခါအတိတ်ဆီက
အရေး ကို–သာတံဆိပ်ကယ်နှင့်
ဗျာဒိတ် ညွှန်ခန့်သမိုင်းတွင်မှ
မြန့်တိုင်း ဗိုလ် ဝင်ခံလို့မို့
ဟိုအရင် ယမန် ကံပေါ်လို့ ထွန်းခဲ့တဲ့
ပဟိုရ်ပလ္လင်ပျံ ဆံတော် ကွန်းဆီက
... တကောင်း မလည်ကို
အကြောင်းညီရင်ဖြင့် မြန်းမယ်လို့
... ပြဒါးတလုံး နှစ်လုံး မီရာကို
(သြ) ပြားတားတားနဲ့ ခုံးတဲ့ ဖားဂမုန်းရှိရာ လမ်းပေပေါ့
(အမယ်မင်း) ပဌာန်း ကျက်ဘို့နှင့်
ကမ္မဌာန်း အချက်တို့၊ အကွက်တို့သာမည် စခန်းပေမို့
(မိတ်ဆွေကြီးဗျာ) လွမ်းရက်ကမို့
အထက်သို့၊ တက်လို့လာမည် မကြာမီမှန်း။

mgyoe.com

## တေဇျှင်သုတ် ပရိတ်တော်နှင့်
## မန်းတဲ့ ပန်းဘွဲ့လေးချိုးကြီး

တနှစ်တဝါတချီဘုရာ–ရှောင်မဟဲ့ ရှန်းသူရဲ့
... (သြော်) အသစ် သဒ္ဒါကြည်သူတွေနှင့်
အချစ်တာရှည်မဲ့ ... မေတ္တာပါရမီကို
လှောင်သနဲ့ ပြောင်သနဲ့လဲ မပြုံးဝံ့ပါဘု
ခေတ္တရာ ရွှေပြည်မှာ ချောင်နဲ့ တလုံးပေပ
တောင်ရဲ့အဆုံး၊ မြှောင်အလှဲ့ ကုန်းတွေနှင့်အရှိရှိ။
... (သြ) ယောင်နဲ့ ဆထုံး၊ လောင်တဲ့လို့ တုံးကာမှ
(အို) မောင်ရဲ့မုန်းပါလို့ ဆိုသလို။ ။

(သြော်) မာန်စွယ်ကျွတ်စေတဲ့ပြင်၊
ရန်အသွယ်သွယ်ညွတ်ညွတ်ပြီး၊ အန္တရာယ်မှ လွတ်အောင်တဲ့
ကိုယ်ဝတ်တော်–သခင်ရှုတဲ့
အဆင်ပုံ–တယ်လို့ဖြင့် မဆန်းပေဘု
သကၠန်းလို ဖျင်အထည်ပ
ပင်နီရောင် သစ်ခေါက် ဆိုးကိုလ
တမင်မပြီအောင် အသစ်အခေါက်မှလဲ မညှိုးရပါဘု
... ကဝိ သခင်ကို သတိထင်မြင်အောင် ရှိရှင်ခိုးပါလို့
ညှိုးငယ်လျက် တငိုငိုမှာ ဘုရာ
အကျိုး တကယ်ထက်စေဘို့ ကိုးကွယ်ရက်ကို။ ။

ကမ္ဗဋ္ဌာန်းမှော်ပေါက်ခါ ရှူးသလိုပ
ဘန်းပေါ်မှာ ရှောက်ခါလူးချင်ရဲ့
နောက်ခါနောက်ခါ မူးလိုက်ထာက
မပျောက်ပါဘူးသာဖြင့် သေပါစေဆို။
(အို) ဇေယာရွှေမြေတခိုဆိက–ပုညဝတီကလေး။

mgyoe.com

(ဩော်) ဝေဒနာတွေ ထိုထိုနဲ့နော်၊
(တပည့်တော်မ) နယုန်လဆီကစပြီး
ကြုံရပါသည် မအေး။ ။

အဖျားမစင်
အစားမဝင်ချင်သနဲ့
ဘဝင်မရှင် စိတ်လက်ကလဲ မကောင်းလေတော့
အိပ်စက်လျောင်းပေ မပျော်နိုင်သနဲ့၊
တမျှော်မျှော် တမှိုင်မှိုင် ထိုင်ရောင်ထရောင်နှင့်
ညမှောင်မှောင်မှာလဲ ပန်းတဲ့ပြင် ...
(ဩ) ဘုရား၊ ဘုရား။ အဖျားတက်လာတော့
ပါးနှစ်ဘက်မှာတောင် မလုံပါသနှင့်၊
တုန်ကာတုန်ကာ ချမ်းပါရဲ့
မပြောသာ ရောဂါကလဲ ဆန်းပြန်တော့၊
မချမ်းသာသူကို ကမ္ဗဋ္ဌာန်းဆရာဝတ်ကယ်နှင့်
... ဇေယာသူ သေမှာကလွတ်တဲ့အောင်
... ဂုဏ်တော်အရဟံကို–ဥုံခံလို့ ရွတ်နေကြ
ရွှေဗောဓိချင်ပရိတ်ပန်းကိုဘုရာ
(အမယ်မင်း) မန်းဘို့ကလဲ ဝေးပေသမို့
နန်းပပဟို့ရ်နဲ့ မန်းနဂိုရ်ဆီက
စန်းတို့–ယန်းတို့–ဂျမ်းတို့ဆိုတဲ့
အပျိုတော်–အကြိုတော်တွေကသာ မေးရပါတော့
(တပဲ့တော်မကိုဘုရာ) မသမ်း မညို့အောင်ရယ်လို့
ပန်းတချို့ ... (ဩော်) နမ်းလို့မှ–ကိုယ်တော် မပေး။

mgyoe.com

mgyoe.com SAMPLE BOOK

## ခေတ္တရာဘွဲ့ကဗျာ မဟာလေးချိုးကြီး

ခေတ္တရာ ၎င်းပြည်မြို့စခန်းဆီက
မချစ်သာ–အကြောင်းမညီသမို့
လှမ်းရပါတော့ အပေါင်းဥကိုယ့် ကမ္ဗဋ္ဌာန်းရယ်နဲ့
ဘန်းရဲ့ သံသရာနယ်၊
(အိုကွယ်) တကောင်း မလည်သို့ အမြန်းတွင်မှ
လွမ်းဘွဲ့ဖန်လာတယ်။

(ညြော်) ဘေဒါအမိရယ်နှင့်
ခေမာပါ ကေသာတို့ကဖြင့် မသိကြ လေဘုတဲ့
ရွှေအညာလှည့်ရပြန်တော့၊
မနော ... စေတနာ ရှိလိုက်ပုံက
သေပါစိကွယ် သဒ္ဓါအမြင်ညာဏ်ထွားကြတဲ့
ပြေဇာတိနယ်သူတွေကို ဆရာအင်မတန်ဘဲ သနားခဲ့ပါရဲ့
အများငဲ့လျှင် အရာရာမပြီးမှာကြောင့်
ခရီးသယ် ပုတီးစလွယ်သိုင်းလိုပ၊
... (ညြော်) မကြီးမငယ်နှင့်ကွဲ
သွီး သဖွယ်–မြီးရှယ်တနိုင်းတွေပေါ့
ခေတ္တရာ ပြည်သူတွေရယ်
မေတ္တာ ကြည်ဖြူတယ်လို့ ဝိုင်းကြပေမဲ့
... ခုံးတုံးတုံးနဲ့ ပြားသည့် ရတနာပေ–
ဂမုန်းဖားရှိရာသို့ စိုင်းရပါတော့၊
မှိုင်းတို့ အကွက်မလယ်တလယ်မှာနော်ကွယ်၊
စကိုင်းအထက် သမိုင်းနဲ့ တက်ရပါတော့
(ညြော်) ဆိုင်းဖို့ခက်တယ်။

mgyoe.com

mgyoe.com

SAMPLE BOOK


အလောင်းတော် မဟာဇနက်တို့လို
အပေါင်းအဘော်တွေကို ဆရာဖြင့် မမက်ပြီဘု၊
အညာအထက်ကိုတဲ့ ပြန်ရော့မကွယ်။
အဟံ ကတော့မယ်လို့ ရွယ်သမို့–အထူးပင်ဝေး။
(အိုကွယ်) ဆံတော့်ကေသွယ်ကိုလ
ဦးတင် ဖူးချင်သေး။ ။

သင်းခက်ချည်ပြန်လေလေ့၊ သင်းခက်ချည်ပြန်
လင်းဝက်မြည်သံနှင့်၊ ကွင်းဘက်မဟီကမ္ဘယ်က
တစီစီတည်ည် တောကြက်တွန်သံမြူးပြီမို့
ဖူးရတာ မသေမချာနှင့် ဦးချကာ မရှေသာဘု
ဘေဒါပါ–ကေသာတို့ မနိုးခင်ပ
နှောင်ကြိုးဖြေကာ ပုံခဲ့တော့မကွဲ့
ချောင်မျိုးထွေရာစုံတဲ့ တောင်ရိုးသေလာ ရဂုံမဖြင့်
နေအာရုဏ်ရောင်နီကျင်းပြီမို့
မလင်းမှီ အညာသို့ အပြေးတွင်မှ
သီတင်းသည် ခုမျာကလေးတွေမဖြင့်၊ ဗျာပါမဇေရာ
ဆရာရေးတာကလဲ တမျိုးရယ်နှင့်
... ကဝိသခင်ကို ရှိရှင်မှမခိုးကြရပေဘု
... ဘယ်သူကို–ကယ်ယူလို့ ကိုးရှာလိမ့်
(အမယ်မင်း) မိုယ်းအချိန်မကွဲ့ ဝေးရပြန်တော့
ညှိုးမှိန်မဲ့အရေးတွေနှင့်
(မင်းတို့ကိုကွယ်) စိုးရိမ်ခဲ့သေး။

mgyoe.com

## မစ္စတာဆရာမှိုင်းကြီးကို ထောမနာသည့် ဩဘာလေးချိုးကြီး

တိုင်းပြေကို တလောတခါထစေဘို့
ကသိုဏ်းရေဗြဟ္မစိုရ် ဟောကာ ပြနေကြ၊
မှိုင်းရွှေကိုယ်–ယောဂါဝစရကိုဖြင့်
စကိုင်းမြေတခို–တောသာစွဆီက
တဩကာသ၊ ဇောသဒ္ဓါဗလဝရယ်နှင့်
ပဏာမဆယ်စုံဖြာ၊
(အို ရှင်) ထောပနာဝစန
ပြောကာပြောကာနဲ့သာ တရပါတော့
ဩကာသလိုက်ပါရဲ့–ကျမ မယ်ကုမ္မာ။ ။

(သြော်) အမှန်းမြွက်ရမှာဖြင့်၊
နန်းမပျက်ရင်တော့၊ မန်းဆက် ရာဇဝင်၌
စန်းလက်ဇာတာရွှင်လို့မို့
ဆရာသခင် (ကျမတို့) အရှင်မှိုင်းကိုလ၊
ဘုရင်တိုင်းနော်–ကြည်ညိုသဒ္ဓါလို့မို့
အစီထိုထို ကဗျာ–အရေးချိုသနဲ့ အတတ်တွင်ဖြင့်
(မဘောဒါတို့ရဲ့) ပြည်ဗဟို နဂရာမှာ–
နဝဒေးဆိုတဲ့ အမတ်တို့လို
မင်းအပ်ယုံကြည် တကဲ့အခြေဟိတ်ကယ်နှင့်
ပညတ်ပုံ အမည် ဘွဲ့ရွှေလိပ်ကိုလ
ဦးထိပ်ပန်ဆင် ယူမဲ့ပြင်

mgyoe.com

SAMPLE BOOK


မြန်ခွင်ဇမ္ဗူ တမ္ပဒိပ် ဆိုတဲ့ အလံရိပ်မှာ လ
ပဏ္ဏိုတ်ငါတယောက်ကယ်လို့
(သြော်) အလျှံ တဝင်းဝင်း၊ ဉာဏ်အလင်းတွေနဲ့
မှန်ကင်း ပြသဒ်ကအရောင်လို
တလျှပ်လျှပ် ပြောင်ပြောင်ပြီး
ရန်ကင်းပဗ္ဗတတောင်တော်အောက်မှာဖြင့်
... ဘဝင်မှာ ကြည်စရ
မင်္ဂလာဂီတ ဆိုတဲ့ အစီအသတွေနှင့်၊
အပြည်ပြည်မှ– သာဓု အနဲနဲခေါ်အောင်ဟာ
(သြ) လင်္ကာဒီပ၊ သီဟဠက၊ သီဟဗာဟု ခမဲတော်လို ဟောက်ပေလိမ့်
... ... (သြော်) အမွန်ချီးရမှာဖြင့်
အခွန်အသီးတွေက အလွန်လည်းရပေသမို့
ဝန်ကြီးဘုရာ့ကတော်တွေ မှိုလို ပေါက်ပေါက်ပြီး၊
အပျိုအအို လိုသလောက် အပိုအမိုတွေ မကောက်သော်လဲ
အလိုလိုဘဲ ရောက်ကြမဲ့ပြင် ...
ဗိုလ်ဆတောက်နှင့် "ဘီအေ" "အင်မအေ" တွေတောင်
ဆရာ့အဆောင်ကိုင်သမားတွေပေါ့
တိုင်းသားပြည်သူတွေမှာ ဒိုင်ခံပြီး
"စတိုင်" ဟန်ဟန်နှင့်ဇရအောင်
နိုင်ငံရေးမှာ အတွင်ကျယ် အချောင်နမ်မဖြင့်
ပင်လယ်ရေအလျှံ ပခိုးဆားတွေထက် များတော့ပေါ့
... (သြော်) အမျိုးသားတွေရဲ့အတွက် ကြိုးစားမလေတသက်ဟဲ့လို့
ယိုးဒယားပြေ တက်စင်က
ခေတ်လက်ထက်မှာ ကျော်မကွာ မော်မကွာတို့
စစ်ဖက်မှာ အတော်စွာတဲ့ နော်ရထာမင်းလက်ဝဲတို့လို
တော်မဟာ သနင်းအဆက်ဆက် လဲအောင်ပ
ကြဲသဖြင့် နွဲ့သနှင့်၊ တဇေယာပေနော်ရှင်။
ရဲရဲရှင့်ရှင့်၊ အပွဲပွဲဆင့်ဆင့်ပြီး ကဲတင့်ပေမှာ။ ။

mgyoe.com

m g y o e . c o m SAMPLE BOOK


သို့ရာတွင် (ကျမတို့) ပြုလိုတဲ့ ဆုကိုကနူးချိန်မို့
အနို့ မကြာမကြာပင် ခုလို ဖူးရပေသတော့
ကုသိုလ်ထူးလေတဲ့ မန္တလေးရွှေလက်ထက်မှာ
ဘန်းကလေးတွေ ရွက်ခါ ရွက်ခါနှင့် မရှက်သာပြီဘု
သက်သက်သာသာနဲ့ တစိတ်ပြေ့ပြေ့ ရရရှော့ဟဲ့လို့
အဘိတ်နေ့ကျတော့ မနက်အခါတိုင်း။
(မစန္ဒာရယ်) ကမ္ဗဋ္ဌာန်းရေးအကွက်သာပါတဲ့
အထက်အခါ အတိတ်ရှေ့က၊ လက္ခဏာ ဟိတ်ငွေ့မပနိုင်တဲ့ (ကျမတို့)
အထက်အညာက ဓမ္မစကြာ ဂိုဏ်း။ ။

စက်အောက်ခိုလျှင်
ထွက်မြောက်ရာလိုအင်နှင့် မဂ်ပေါက်ခါ ဖိုလ်ဝင်ဘို့တဲ့
အရှိရှိတွင်ချောင်မြင်တိုင်းငဲ့ပြင်
တောင်စင်သမိုင်းမှာ မောင်ရင်မှိုင်းကြီးရဲ့
အချစ်ဝါသနာ ဝသီဘော်နှင့်၊
မေတ္တာ ပါရမီတော် အထိကရ တရားတွေကြောင့် ...
(ညြ) အလှည့်ကျ အလှည့်ကျမနား
စိစိငှ သနားပေသမို့
တပည့်မအများမှာ တောအုပ်ဝနာကမှလဲ မထွက်နိုင်ဘို့
လောကုတ္တရာဘက်မှာ သဘောသိသိနက်တဲ့ပြင်
လောကီဘက်မှာ ကဗျာလင်္ကာနှင့်
မြန်မာအစင်အလာ ရာဇဝင်မှာလဲ မလတ်တဲ့ပြင်၊
ဓမ္မသတ် ရာဇသတ် အစုံ ခုံတင်စရာပ
ပုံပြင်ပမာ–ကျမ်းတကာဘဲ သိပေသမို့
ဘုံပလ္လင်ရတနာမန်းဇာမတိသော်လှဲ့
အလုံတခွင်မှာ စမ်းရာကမိနိုင်တဲ့ ကဝိအရှင်ဆရာမို့
မင်္ဂလာ ကုန်းဘောင် စတမ်းတွင်မှ
သုံးဆောင် ကြင့်နန်းမှာ ရေဗြဟ္မစိုရ် ပလ္လင်ဖောင်နှင့်

mgyoe.com

mgyoe.com
SAMPLE BOOK


... (ဩဘ်) ရှုံးတဆောင် တန်းတန်းပြီး၊
ဘုန်းရောင်လျှမ်းကာ နေလို အရင်ပြောင်ခဲ့ထဲ့
ရွှေဘိုချင်ဘောင်ဖူးခေါင် အညွန့်မကျိုးလျှင်ဖြင့်
အရိုးအခက် အထွေထွေကို အရွက်တွေ မလွှမ်း သည်သို့
... (ဩ) အမျိုးအဆက် အခြေအနေပါ
တဖြိုးဖြိုး-စာလက်လက် ဝေဝေပြီး၊
တန်ခိုးကြက်သရေလဲ မနွမ်းလေဘူးဟဲ့လို့ ...
ဆရာ့ဩဘာကို ခဏခဏ ထောပနာပြီး
(တပဲ့တော်မတို့) ပြောကာပြောကာနဲ့ လွမ်းရပါတော့
(အမယ်မင်း) ကမ္ဗဋ္ဌာန်းပေးနည်းတွေနှင့်တကွ
တဘောင်ပေါ် သလောက်ကိုဖြင့်၊
သဂေါင်ကျော်ရောက်စေတော့ လျှောက်မြဲလျှောက်ကွဲ့
ဖောက်ခွဲမဟဲ့လို့ ကပြာကရာ အရာရာ ပိုင်းနိုင်သနဲ့
... (ဩဘ်) အရမ်း တွေး တွေးတွေးပြီး ချီးရမှာဖြင့်
... ပုခန်းမြေးကလဲ အရီးပေမို့၊
မန္တလေး တည်းဟူသော တောင်တော်အောက်မှာဖြင့်
... နခမ်းမွေးကြီး တတောင်ကျော်ကျော်လောက်ကယ်နှင့်
... မောက်လဲမောက်မဲ့၊ ကြောက်ဖွဲ့ ဆရာမှိုင်း။

mgyoe.com

mgyoe.com SAMPLE BOOK


## ဂျမ်းခင်ဘွဲ့ကဗျာ ကျောက်စာ ၄ ချိုး

ဝန်းခရေညို– စမ်းအသွင် တနိုင်းပေပေါ့
လွန်းစရရွှေဘို နန်းစင် သမိုင်းရယ်နှင့်
မန်းတခွင် စကိုင်းမှာတော့
ဘန်းတလုံး ရတနာ။
(အိုကွယ်) ကမ္ဘဋ္ဌာန်းသဘင်ဂိုဏ်းတွင်ဖြင့်၊
လွမ်းချင်တိုင်းရယ်တဲ့ လွမ်းအုံးမှာ။ ။

(ပြော်) ဘေဒါရို့ကလဲ တဖက်ကယ်နှင့်
ကေသာတို့ကလဲ ဖျက်ထာနှင့်
ရွှေအညာသို့ မတက်ရတာကြောင့်
အသက်တောင် ဆရာမမှိဘူးကွဲ့
နှစ်ဖြာနှစ်လီ–အကြဲအဖန် မသင့်ချင်တော့
ပါရမီအခံတင့်သူနှင့် အခွင့်အခါ မကြုံမ်ဘို့
ဂဏာမငြိမ်ချင်–တမင်သွားသူရဲ့
တာဝတိန် အရှင်သခင် ဘုရင် သိကြားကိုလ
လင်များပင်တော်ချင်ရှာရှေ့သလ
ခေါ်ငင်ရာကို ပျော်ရွှင်စွာနှင့် ပြောင်းလေရဲ့
အပေါင်းတွေကမှ မငဲ့မစာနာလေတယ်၊
ကောင်းပေရဲ့ကွာ။

သူ့ခမျာ ဇောမရဏာအသွားတွင်မှ
ကရုဏာဒေါသ မပွားချင်နှင့်
တောရ တရားရယ်နှင့် ဗြဟ္မစိုရ်ကသိဏ်းရှာ။
အလိုအတိုင်း မပါပေဘု– ထွေစွဝေဒနာဘေး။
(အိုကွယ်) ကိုမ္ဘိုင်းမှာလဲ သေရမှာမဝေး။ ။

mgyoe.com

mgyoe.com

SAMPLE BOOK


အေးဘို့ဖြေပါ၊
တွေးလို့မပြေပါသနဲ့
သေရှာသူ ရုပ်ကျန် မြှုပ်လေတဲ့
အုတ်ကျောက်ဂူ အပါးဆီက၊
ကျုပ်တယောက် သူသနားတယ်လို့
အမူ မခြား၊ ဟိုအရင်လို ကိုယ်ထင်ပြလျှင်တော့
တကမအသွင်ကို သမထ ဆင်ခြင်သမှုတွေနှင့်
... ဂျမ်းခင်ကို ကမ္မဋ္ဌာန်းတင်လို့ ရှုချင်ငဲ့
ယခုမှာ ဆရာမကြွနိုင်လို့မို့
(သြ) မရဏတံခွန်ဆိုတဲ့ ...
ဘဝတမလွန်–အသေစောလေရဲ့
တကမ အကွက်သာအောင်ဟာ
စမ,အက္ခရာသဘောတွေနှင့်
... (သြော်) သီတင်း အမကလေး
နဝင်းလှလှစုံစုံ– အင်း ချုပ်ပုံကိုမှ
မဟောလိုက်ရလေဘု
အခွင့်မဖွယ်သူရယ်– မင့်အ[illegible] နှမြောလိုက်ပါရဲ့
အလော သုံးဗယ် [illegible]ကြောင့်
မောတုံးဖြေမသာန[illegible]
မနေသာ သေရှာမဲ့ [illegible] ရေးတွင်မှ၊
ကေသာရယ် က[illegible]ရာနှင့်ဖြင့် ဝေးရတော့မတဲ့
စာပေးကာ မှာပါမှာပါနဲ့၊
တစာ[illegible]ပျော တတပြီး ဆရာ့ ဖူးချင်လှတယ်လို့
ခဏ ခဏပင် ဦးတင်လို့ ချတဲ့ပြင်
ကျမဖြင့် မနေရပြီဘု သေရတော့မယ် အမေ အိုရဲ့
ကဂဝကို မေအ ပျိုကြောင့်ဖြင့် မပန်းရစ်စေနဲ့တဲ့

mgyoe.com

mgyoe.com  SAMPLE BOOK 

ရေချိုချို–ပြေကို ဖြန်းခဲ့တဲ့
ရွှေဘိုကို–နေညိုတော့ လွမ်းရအောင်
(အမယ်မင်း) ဖမ်းချိန်ကျတောင်မှ
ဂမန်းဂဒန်း မငြိမ်မဆိမ် ထထပြီး
တဖွဖွနဲ့ မရမက ရှာသတဲ့
(သြော်) ကြင့်နန်းဝတိန်တမျှ အရှိန်လှသမို့
ချိန်ဆန္ဒန်းဆောင်မူလဲ မဝေးပေဘု
(ဒေါ်ဥတ္တရာရယ်) မန်းနှစ်ကြိမ် ဘဝတွင်မှ၊
ကမ္ဘာ့ဌာန်းမှိန်စရ၊ လွမ်းချိန် စခဲ့ပါတဲ့
... (အို) နန်းသိဃ် ကုန်းဘောင်သူကလေး။ ။

mgyoe.com

mgyoe.com

SAMPLE BOOK


## မျောက်ငိုကာ
## နိဂုံးကဗျာ မဟာလေးချိုးကြီး

တိုင်းပြေကို အထိကရ သနားနေကြ၊
မှိုင်းရွှေကိုယ်–ကဝိတပသ တပါးမှာဖြင့်
စကိုင်းရွှေဘို–အသိတကမတွေကလဲ မရှားပေသမို့
အစိအင သွားမယ်ပ ဘုရားဘက်က တရားဓမ္မစကြဝဠာသီ၊
(အိုကွယ်) အလှည့်ကျ မအားအောင်ပ
တပည့်မ များချိန်မို့ တအားတက်ရပြီ။

(သြော်) ဘဟန်း ရပ်ဆီကကွဲ့
ဘန်းဒြပ်ကယ်နှင့်၊ ကမ္ဘဋ္ဌာန်းတပ်–စီကာစင်လို့မို့
ငိုကာအရှင်–မှိုင်းဆိုတဲ့ ရသေ့မှာဖြင့်
ပြည်အညာတခွင် စကိုင်းကိုဘဲ မမေ့နိုင်သမို့
မအေ့သဖွယ် တကမကြီးတွေရဲ့ပြင်
သိမ်းနှယ် မြီးရှယ်ကလေးတွေပေါ့၊
လုပ်ကျွေးသူ၊ အခြွေအရွေတွေနဲ့ မြန်းခဲ့လို့
ရဝေကြွငှန်း ရတနာရွှေ စည်တန်ခိုးရယ်နှင့်
ဘွေမန်းမှာ–နေရီလို့မှ မညိုးနိုင်တဲ့
ရွှေချည်ထိုးဆိုတာမှာ တညနှစ်ညတည်းပြီး
တကမကြီးတို့ ဆရာ တခါမြန်းရော့မယ်လို့
သာခန်း နှုတ်တော်လှစ်ခဲ့ပြီး၊
... (သြ) ခေတ် ရွှေအညာတွင်ဖြင့်
အစစ် ဆွေသဟာတွေမို့
ချစ်စေနာ မှန်းမြော်လို့ ညွှန်းလောက်တဲ့
မြစ်ရောကမ်းမော်စွန်းဆီက
နန်းတော်ကျွန်းသူတွေကို မကွေမကွာခေါ်လို့မို့

mgyoe.com

mgyoe SAMPLE EBOOK

စေတနာဖျော်ဖျော်– တရားပြည့်ပြည့်ဝဝ နူးသူတို့နှင့်
ဓေယာမနော်– ဘုရားရှိသမျှတွေကဖြင့်
အများသော တပည့်မတွေနှင့် စိစိငှ ဖူးရော့မကွဲ့လို့
စိတ်ကူးကာကဝေဖြင့် လွမ်းမိပါရဲ့
ဆိပ်ဦး သာယာ ရေစခန်းပေပေါ့
ရေနန်းကြက်သရေ ငှက်လှေတွေနဲ့ ယွန်းခဲ့လို့
မင်းကွန်းနယ်တကြောတွင်မှ
အလယ်တောရတခို–ဇေတဝန်တိုက်ဆီက၊
မကိုင်ရှိသျှောင် အရဟံ–အကျော်အမော်ပ
ယမိုက်ရောင်လျှံတော်နှင့်၊
တောင်ကမ္ဘာယံအပေါ်မနော် "သုံးလုကေသီ" ဘုရားကိုလ
ဝပ်တွားကာ ပဋ္ဌနာ ဆင်ပြီး
ရာဇဝင်အခြေ အတိတ် ယခင်လဲ မေးချင်သနဲ့
... (သြော်) ထိပ်တင်ကလေးဆိုလား၊ တင်တင်ကြီးဆိုလား၊
... ယင်ထီးမယှဉ်–မရှင်မပျပေပ
မှင်ဘီးမဆင်မပြင်–သခင်မတို့နှင့်
မြင်ရအောင် ဆရာဝင်လို့မို့
ဘမရာ ပလ္လနန်းဘုံ မပျောက်ရင်တော့
(ခင်ဗျားတို့) မဟာဝင်တွေမှာ
ကမ္ဗဋ္ဌာန်း ချုံလဲ မရောက်ရလေဘုလို့
အလျောက်ထိုထို ဤဤပ
တိုလီမိုလီ ဟောချင်ရာ ဟောဟောပြီး၊
ဂဒေါ်ဂမျော အမြန်လာခဲ့တော့
ဓမ္မခန္ဓာ စာတွေ ပေတွေလဲ ရှုချင်သနဲ့
ဦးပုကြီးတောင်ယံ–တဖန် အရောက်တွင်မှ
ပန်လျှောက်ခါ ပဏ္ဏာဆင်မိတော့၊
ဆရာအရှင် သဒ္ဒါခင်မင်လို့ ပေးလိုက်တဲ့
ဝင်လေးဝင် စာပေထုတ်ပြီး၊

mgyoe.com

mgyoe.com

ခလုတ်အကောင် မထင်ဘို့ တသုတ်မမှောင်ခင်ပ
မြှောင်တခွင် တောင်ခင်ရှောက်ခဲ့တော့
ချောင်စင်တလျှောက်–ဟိုတခွင်မလေ ဖိုဝင်တဲ့ တဲပေထင့်
ဖိုဆွဲသူ စိကာရံလို့မို့
ရှိုထဲမှာ ညီလာခံကြတော့
သရဖိ စကဝါအဘန်ဘန် ပန်းမြိုင်ချုံအနီးတွင်မှ
ငှီကာညာဏ် ကမ္ဘဠာန်းထိုင်ပုံနည်းတွေနှင့်
နိသျှည်းခံရန် အမှန်အကန်ပ
ဟန်ဟန်ပန်ပန် မြန်မြန်ဆန်ဆန်ဟောပြီး၊ ...
တဖန်လောကာတလီ ကြွခဲ့တော့၊
သီလဂုဏ်မြူခြည်မမှောင်တဲ့ ဂူနိချောင်ဝင်စ အနီးတွင်မှ
ခင်မကြီး ဆိုတာ ကြည်ညိုသဒ္ဓါလို့မို့
သည်ကိုယ်ဆရာကို ဆွမ်းတွေကွမ်းတွေ ကပ်လိုက်ပေသမို့
နှစ်ထပ်တောင် ဝဝလင်လင်စားပြီး၊
ဘုရားကို တဖန်လာခဲ့တော့ ...
(သြော်) ရဂုံဝနာအဆွယ်မဖြင့်
ဝရုံတွေကလဲ ချာလယ်ချာလယ်နဲ့ကွဲ့
ချုံအကာအကွယ် ချောင်တဖက်ကယ်နှင့်
ပုညာစွယ် တောင်အတက်ဆီက
သရက်ပင်ပျိုတောတွင်မှ
နှုတ်ပြောမာဂဓာ–တာတျာ–တေးတျေမွှက်နေကြ
အုတ်သြိသာရကာ–တမာကျေးရွှေငှက်ကယ်တို့
တသက်ကိုးကွယ်လောက်တယ်လို့
ဇရက်ဂျိုး လယ်ပြောက်တွေကဖြင့် ...
တအော်အော် တမြည်မြည်
ကော်မတီဘဲ မြှောက်ကြရှော့ထင့်
ကြောက်စရအရေးပေါ်လျှင်၊
ပြေးမနော်–ပြေးမနော်နဲ့ တောင်ပေါ်တက်နေကြ

mgyoe.com

ယောက်ဖခွေးခေါ် အောင်ကျော်ငှက်ဟာကတော့ ...
(သြော်) အကြည့်ခက်ပေမဲ့
အသိနက်လေတဲ့ ကဝိငှက်ပေကွဲ့လို့
"ဇီကွက်" ချယ်ယာမင်တင်ဘို့လို့
ကျယ်ဝါ ကျယ်ဝါပင် အဆိုသွင်းပြန်တော့ ...
လဒ နှစ်ကောင်ဟာ ဂွချောင်က မငြင်းရှာလို့
အသင်းဖွင့်ပြီ အမြွက်တွင်မှ၊
ကျီးနက် ကိုကာကာက
တအာအာ အဆိုဘဲ သွင်းရှော့သလား။
ဒီးဒုတ်တကောင်ဟာ ကျီးယုတ်အယောင် နင်းတဲ့ပြင်၊
သပိတ်လွယ် ငှက်သူငယ်ဟာ
စိတ်တကယ်ပျက်တယ်လို့ အဆင်းတွင်မှ
(သြော်) သဘင်အလုပ် ပျက်ပလေအောင်ဟာ
တမင်ရှုပ်ရှက် ပွေချင်တဲ့
ခင်ပုပ်ငှက်တွေကလဲ တသင်းပေပေါ့၊
ဩ ကုန်းအကူး မြိုင်ဝနာမဟီမဖြင့်
မရှုံးဘူး နိုင်ပါပြီ–နိုင်ပါပြီနှင့်
"ဟုံးရှူး" "ဒိုင်အာကီ" ဘဲ ငြင်းကြရှော့သလ
ချောက်တွင်းမှာဆူညံလို့ အသွားတွင်မှ
မျောက်မင်းအူသံ ကြားရတဲ့ပြင်၊
ကမ္ဘာအထက်က ကျောင်းဆင်ဆင်ဆီမလေ–
ခအောင်း ကညင်နှင့် ထနောင်းနှစ်ပင်အထက်မှာလ
ဒေါင်းယဉ်ငှက်တွေ အိုးဝေ အိုးဝေနဲ့ မြူးရာက၊
တမျိုးထွေထူးစွာ လည်တန်ငံ့ပါလို့
မကြည်ဟန်နဲ့သာ တွန်သံဆိတ်ပြန်တော့၊
နိမိတ်မဟန် သကောရယ်လို့
အတိတ်ပြန်လှန်လို့ ဟောပြီး
အမောပြေပါယောင်နှင့် တလောသေွခွာရှောင်ခဲ့တော့
ရွှေဝါချောင်– မြှောင်နဲ့လဲမဝေးပေဘု

mgyoe.com

mgyoe.com SAMPLE BOOK

ရှေးသရောယခင်အခါတွင် ဘုရင်ဆရာတဆူပ
သဃ်ဇာဂူလှိုင် ခြေရင်းမှာတော့
သိကြား့ရေတွင်းကို တကမတွေ့ရဲ့ မဆင်းကြနဲ့လို့
ချေင်းသာယာ–ဓာတ်အပူမကြိုက်သူတို့ကဖြင့်
ဘေးကင်းစရာ ခတ်ယူတိုက်ပြီး
... အလိုက်ရှောင်သိခွာခဲ့တော့
တောင်ဖီလာမြှောင်တဖက်ပေပေါ့
ချောင်နက်ရာ ဇရပ်ထဲတွင်မှ
ယပ်လှဲယပ်ထောင်တွေကို
မှတ်လဲမှတ်အောင် ဟောပြန်တော့
တောရသူ–ဝသီလှတွေပေါ့
သီလရင် သနားစရာ တကမတွေက
သည်ဘဝတွင် တခြားဆရာ မကြွပါနဲ့
အစားအစာလဲ ဝပါစိမတဲ့
များစွာမှ အလီလီရယ်နော်ကွယ်။
အားနာစရ အပါးမှာ ခခပြီး၊
(သြော်) မသွားပါနဲ့ ဘုရား့လို့ တားရှာကြသည်။ ။

(အင်း) ကသိုဏ်းထီး ဗြဟ္မစိုရ် တဆောင်မဖြင့်
ဂိုဏ်းသီး အပို မထောင်ဘူးကွဲ့လို့
ရိုင်းသတည်း ဆိုအောင် မပြောချင်ပြောချင်နဲ့
တလော အတွင်မြန်းခဲ့တော့၊
စကိုင်းခရီး ရှိချောင်တောအဝင် စခန်းတွင်ဖြင့်
မှိုင်းကြီးကိုတောင် မောရင် ထမ်းမယ်တဲ့
အပြောအင်မတန်ဆန်းရှာတဲ့ ပုညဝတီ
(အို) အလုံက ဝသီပေထင့်၊
ဆုံကျဆီလိုပ ကြည်တည်တည်ချွဲ။
(အရိုးစိမ်းရယ်) ဒဂုန်ဒလ၊ သထုံမှစပြီး
ကြဲသမျှမမှီအောင်ပ ပလီသဘဲ။

mgyoe.com

mgyoe.com

ဆရာ့ရွှေညီ
တကာမ မေခာဝီတို့နှင့်။
ပတ္တမြား့စေတီ တောင်မရောက် တရောက်ခရီးပေပေါ့
... (ဩော်) မြှောင်ချောက် အနီးတွင်ဖြင့်
၂ တောင်လောက် အမြီးရယ်နှင့်
တကောင်သော မျောက်ကြီးအမြင်တွင်
ကြောက်သရုပ်နဲ့ တယောက်တယောက် ကုတ်ကုတ်ပြီး၊
နောက်ဆုတ်နောက်ဆုတ် ဆင်းကြတော့
မျောက်အုပ်အသင်းဝင် တိရစ္ဆာန် အမိုက်ကယ်တို့
ကိုက်မယ် ခဲမယ် ဆွဲမဟယ်လို့ ချောက်ပြန်သနဲ့
ကိုယ့်နောက်ပါ ကေသာဝတီတို့က
ကဝေဆရာဆီကို လက်တငေါ့ငေါ့ ထိုးထိုးပြီးတော့
သေပါပြီ ခက်ပေါ့ကရိုးရယ်လို့
လက်ကတော့ထိုးကာ ဆရာတင်တဲ့
(ဩ) ကမ္ဘာ တခွင်မဖြင့်၊ ဘမာဖျင်ဆိုတဲ့
အညာပင်နီကို ကုတ်ကုတ်ကတ်ကတ် ဆွဲကြပေသမို့
တမ္ဘာနှစ်မ္ဘာစိပင် စုတ်စုတ်ပြတ်ပြတ်ကွဲပြန်တော့
လုပ်ယတ်စွဲတဲ့ဆရာမှာ ညာဏ်အမြင်ကလဲ စူးပေသမို့၊
ချုပ်စပ် တဲစရာ ခံပင်က ဆူးတွေနှင့်
သီပူးကာ မလုံလုံအောင်ဝတ်ပြီး၊
ဇွတ်ဒရွတ် အကောင်မျောက် ငနဲတွေမဖြင့်
ချောက်ထဲ အသက်ဆုံးရှော့ဟဲ့လို့
ကျောက်ခဲ တဖက်တလုံးရဲ့ပြင်
လက်သုံးတော် ဝါးတောင်ဝှေးရယ်နှင့်
နံဘေးကဗျာကရာ ထောက်ရက်ကနှင့်
... (ဩော်) ဝါးဝလုံးကိုလဲ မကြောက်
ဖားဂမုန်း ပုတီးလဲ ပျောက်ခဲ့ပေါ့ဟဲ့
... တအားကုန်းကုန်းပြီး ပြဒါးလုံးကြီးနဲ့ ပေါက်တော့ကမှ၊

mgyoe.com

mgyoe.com

SAMPLE BOOK


မျောက်ယုတ်မာ ကလီကမာကောင်တို့
သီကာ ရှောင်ကာ အကုန်ပြေးကြတော့
မုန့်ရွေးသူ "မာလာရီ" ငဲ့ပြင်
... (သြော်) ကလျာ မဒီတို့၊ သာမာဝတီတို့လို
သဒ္ဒါကြည်ကြည်နဲ့ကွဲ့
အညာဆီကို ကောင်းမယ်လို့ ရောက်ကြတဲ့
သာယာဝတီ၊ ပေါင်းတယ်က နှစ်ယောက်ပေပေပေါ့
"မပါရမီပါ–မြစာရီ" တို့က လျှောက်လေတော့၊
(သြော်) တောင်တရှောက် တောတရှောက်
ဟောသလောက် ပြောသလောက်တွေကဖြင့်
သဘောပေါက် ခါ ပြည်ရွာကလွှမ်းစေဘို့
တောမျောက်ငှိုကာ တကျမ်းကိုဖြင့် ...
သိဒ္ဓိသျှိ ဂါထာလို–ဣဒ္ဓိလိုရာ နိဋ္ဌိတမ်းပြီးမို့၊
မဟိပဗ္ဗတ တောင်ကငူ မလေ–
နဒီ ကဿပ ချောင်သူတွေရဲ့ ဆွမ်းငဲ့ပြင်
(သြော်) ဆရာထပ်တမျှတွေကဖြင့်၊
သဒ္ဒါအတတ်ချမဟဲ့လို့
ဂယာကဿပချောင်မှာ တဝါကပ်ရအောင်သို့ မှန်းသူက၊
အောက်ပြေက ဒဂုန်သူတွေကို
နောက်နွေမှ စုန်တော်မူမည်လို့ စမ်းလိုက်တော့
(အမယ်မင်း) အရမ်း ထင်ရာကြံရော့သလ၊
မန်းတခွင် အညာက အနှာမတွေနဲ့ဖြင့် မတွဲရဘူးတဲ့
(သြော်) ဘဟန်း ဝင်္ကဘာက–မရသာ ရသာနဲ့
မပအပါ ဆွဲကြပေသမို့
(အို ပုညဝတီရဲ့) တဖြန်းဖြန်း ကြင်နာကြပေတဲ့
ကမ္ဗဋ္ဌာန်းသင်ကာစတွေနဲ့၊
တလုမ်း တကမ်း မမြင်သာ ကြံအောင်ပ ...
(သြော်) အကြင်ကာလ၊ သင်္ခါရပေမို့–ဆရာ့မှာမမြဲ။ ။

mgyoe.com

## ဆုတောင်းပတ္ထနာ ကဗျာလေးချိုး

(သြော်) အောက်ပြည်ကလာခဲ့၊ ချောက်မဟိဝနာမကွဲ့
... ပတောက်, သရဖီ, စကဝါ, ပန်းဝနာအထုတွင်မှ
"မျောက်ငိုကာ" ကျမ်းစာ ပြုရတာကြောင့်
မလွမ်းသာသမှု အကောင်းဆုံးနယ်။
(အိုကွယ်) ချမ်းသာဆုကိုတဲ့ တောင်းအုံးမယ်။ ။

(သြ) ဘဝအဆက်ဆက်တွင်ဖြင့်
ခဏခဏ မက်မက်ပြီး အစစ မခက်အောင်ပ
(မ) ဘက် ဝါသနာအထုံကဖြင့်
(ဝ) ကွက်ခါ ဆရာ မကြုံလိုဘုကွဲ့
ရတနာတဖုံ– သွီးထိုထိုနဲ့ သားအရှိရှိ ဖွားချင်တဲ့
ကာမဂုဏ် ဇနီးဆိုတဲ့ မယားကိုဖြင့်
လားလား မခုံမင်တဲ့ပြင်၊
(ကျုပ်တို့) အလုံတခွင်မှာ
ပြောင်းဆန်တထပ်ဆွမ်းလောက်ကမှ
တပ်စွန်းဘွယ်ရာ မတွယ်တာချင်ဘို့
ပါဠိညွှန်းအကျယ်သာ မြင်သမို့
အပါယ်ရွာအဝင်တွင် နစ်စရာ အတတ်ပေပေါ့
အမယ်ဟာ ရှင် ချစ်စရာဓာတ်တွေကဖြင့်
မေတ္တာရပ်ခါ အကုန်ပယ်လို့မို့ ...
(သြော်) ရဂုံနယ်မဖြင့် လုံမကျယ်တကျယ်က
ထုံလယ်မှာ ပြဒါးအရည်လှသည်သို့
မှုံမပြယ် ဖွားသီလတွေနှင့်၊
ကြည်မှု စေတနာ–မကွေမကွာပ
ဝနေဝနာ တောဆီချစ်ပေတဲ့
ကဝေဆရာ–ယောဂီ ဖြစ်လိုတဲ့ပြင်

mgyoe.com

mgyoe.com SAMPLE BOOK


တခေတ်တခါလှနေကြ အပြစ်မဟာ တကမတွေကြောင့်
ဝါနရ, ပမာ– ဝါန, တဏှာ မျောက်လိုပေါ့
ဂဒေါက်ကဒက် ကြဲကြဲဖန်ဖန် ချော့ရင် တိတ်နေကြ
ယောက်ယက်ဆန်ဆော့ချင်တဲ့ စိတ်ကိုဖြင့်
သပိတ် ပိုင်ပိုင်နိုင်နိုင် မှောက်ပါလို့
မြိုင်အောက်မြှောင်အဝင်နှင့်
တောင်တခွင် ချောင်စင်မြန်းပါလို့
ကမ္မဋ္ဌာန်းအကျင့် မလော်လယ်အောင်နော်ကွယ်။
ပဋ္ဌာန်း အဖွင့်၊ မှန်းသဖြင့်သာပ၊ ဘန်းနှင့်ပျော်သယ်။ ။

အကျွတ်တရားရည်ဆောင် ရှုတင်မှန်းသူမဖြင့်
ပွတ်စပါး, အဓိ နောင်, ဂူဝင်ခန်းလိုပ
... (ဩော်) အတူရှင်လန်း မူအင်ဆန်းသူတို့ကြောင့်
မပူချင်စမ်းပါသဖြင့်–မပြုံးဝံ့ အမှောင်နယ်၊
တမှန်းမှန်း တရွံ့ရွံ့ ရှောင်ဖယ်ပါရဲ့
ယောင်လယ်ယောင်လယ်နဲ့ မောင်မယ်သဘော။
(အို) ကုန်းညွန့် တောင်စွယ်ရယ်တဲ့ ချောင်အကွယ်တော။ ။

ရှိဖွေးကြာလေလေ့–ရှိဖွေးကြာ
ဖိနေး, ဘဂဝါ ဟု မိတေးယျာ, ရဝေပြန့်ပေပေါ့၊
ရွှေကန့်ကော် ပလ္လင်ဦးတွင်မှ
ကဝေ, ငန့်မြှော်တွင်တွင် ဖူးပါလို့
ဆုထူးပဋ္ဌနာလှုံ့ဘို့၊ ဝါသနာအထုံ–ဇောကြည် မြသူမဖြင့်
လောကီ သဘောမသဒီလှပေသမို့၊
တောဆီ–ကောလီ သမလို့ရယ်ကွယ်။
(အမယ်မင်း) ဟောသည် တကမတွေရဲ့
ဆရာ့ စိတ်ကြဲတဲ့ ဓမ္မအဓိဋ္ဌာန် ပြောရမှာဖြင့်၊
(အို–ကေသာဝတီရဲ့) ယောဂီဘဝရယ်နှင့် အမတနိဗ္ဗာန်စော။ ။

mgyoe.com

m gyoe.com SAMPLE BOOK


## အရှင်သီဘောမင်း နတ်ထီးဘုံပျံ စံလွန်တော်မူခန်း

## ကမ္ဘဌာန်းလေးချိုး

နေစက်ရှင်–ဂေါယာသို့ယွန်းချိန်မို့
ဖြေလျက်ပင်–စောကာညွှန်းရပါတော့
(ကွယ်တို့ရယ်) လောကာ တဝှန်းတွင်ဖြင့်
တညြဘာနွမ်းလေရဲ့လို့ (ညြ) ပြောကာပြောကာနဲ့
လွန်းကြပေတော့ တို့မြန်မာ။ ။

(ညြော်) ခင်းနိမိတ်တွေနှင့်ကွဲ့
သတင်းမှိတ်ချင်တော့၊ အင်္ဂလိပ် ခေါ်–ဗိုလ်သခင်တို့နှင့်
ဟိုယခင်–စစ်အင်ကျင်းပါလို့ ...
မခိုင်မမာခင် ပြိုင်ကာဆိုင်ကာ တင်းလေတော့
ယွင်းလှဲ့သည်ခါမှာနော်ကွယ်
မင်းနဲ့ ပြည်ပါ။ ။

နွယ်ကုန်းဘောင်–ဧကာဒကိုဖြင့်
အကျယ်ထုံး တဘောင် တေး ကဗျာဝစနတွေနှင့်
ရေးကာသချင်ရဲ့ ကမ္ဘဌာန်းထင်စရာ။
(အို) နန်းစင်စာတွေ ဘာတွေနှင့် အစုံအလင်တွဲ။
(မယ်စန္ဒာရယ်) မန်းတခွင်မှာဖြင့်၊
ကြငှန်းမင်္ဂလာရယ်တဲ့ ဂုဏ်အင်နဲ့။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


နုပ်ဘို့ရာဝင်၊ ကျုပ်တို့ မြန်မာဘုရင်မဖြင့်
ကြမ္မာမရှင်စရာ မလွတ်သနော်ကိန်းတွေနှင့်
မရဏာပလ္လင်မှာ ဝင့်တော်သိမ်းပါလို့
လွတ်ငြိမ်းရာ ဝတိန်စံပေါ့တဲ့
အကြိမ်ကြိမ်အဖန်ဖန်–အစင်ဓမ္မတာအရပေပ
... (ဩော်) အကြင်သတ္တဝါများ၊ မြင်ပါသမျှတို့မှာဖြင့်
... သခ်ါရဆိုတာ
(ကျုပ်တို့ရဲ့) ဘုရင်သမတရာဇာ ထားလိုက်ပါအုံး
သခင်ပဝရ–ဘဂဝါ ဘုရားသော်မှလဲ
မတားနိုင် မရှောင်သာတဲ့
သောင်အမတာနိဗ္ဗာန်သို့ လားရပါသတဲ့
တန်ဆောင်ရတနာ အဓိဋ္ဌာန်ထားပါလို့
မမှားအောင် ဘာဝနာ ကသိုဏ်းတွေနှင့်
ဆရာမှိုင်းရဲ့ တပဲ့မကလေးတွေမှာ
အလှဲ့ကျ–အလှဲ့ကျ
မကြာမကြာ မရဏာနုဿတိပွားကြပေတော့
တရားတော် နဂိုရ်မြင်မို့၊
ရှိခင်မှာ–ဖိုခွင်ကလွတ်ပါလို့
... (ဩော်) မဖူးလိုက်ရပါတဲ့
ကျုပ်တို့ရဲ့ မြန်မာဘုရင်ကို
အကူးမရဏာအစံ အဝင်မှာ
ဦးချပန်ဆင်လို့ ညွတ်လိုက်ပါရဲ့
(အမယ်မင်း) ဆွမ်းသွတ်မည် ခဲကြပေတော့
(ကိုမှိုင်းမှာကွယ်) လွမ်းဆွတ် ကြည်ကွဲ။

mgyoe.com

mgyoe.com SAMPLE BOOK

## မဟာမြိုင်တောရက သောကဘွဲ့ကဗျာ
## မဟာလေးချိုးကြီး

ဝနာ, စတိုင်–ညာနွဲ့ချောတို့ရဲ့
မဟာမြိုင်–သာတဲ့တောဆီသို့
မလာ နိုင်လျှင် စာထဲ့မကောရယ်လို့
(အမယ်လေး) မှာခဲ့သောအမိန့်တော်။ ။

(အို) တရားနဲ့ ချစ်ရသူရဲ့၊
သွားတဲ့အဖြစ်ဟာက ငါးနှစ်တိုင်ရာသီ ခေါ်ရပေါ့
အညာဆီမနော်–အလောင်းတော်ကဿပတောရဲ့ပြင်၊
ပဗ္ဗတ တကြောမှာ ထုံမာလာကြိုင်တဲ့
စုံနံ့သာမြိုင် ရိုးမြောင်အတွင်းတွင်မှ
ဖိုးဝင်းတောင် ချောင်မလပ်ပေဘု
အောင်ရပ်ဖွေရှာမည်လို့ မြောင်ချပ်သေလာဂီနဲ့
ဇေယာပြည်–မျို့ကသိုဏ်းပေပ
စကိုင်းမှာ အတန်ကြာတဲ့ပြင်၊
သမိုင်း ဖန်လာတဲ့ မန္တလာ နေရချွန်ပ
ရေတံခွန် တောင်တော်မြန်းတဲ့ပြင်
မန်းစက်တော် တောင်ပုပ္ပားတွေနဲ့
ကုလားဖြတ်ဝိနင့်အိုဇာ အလိုနှစ်ဖြာ ဆုံကြတဲ့
ဟိုနဂရာ သထုံ–ဇင်းကျိုက် ရှိတရိုးမှာလ
ကိုယ်အမျိုးဘာသာတွေ ငွေရ တတ်အောင်တဲ့
ဖိုထိုးကာ တန္တွေ ရပ်တဲ့ပြင်၊

mgyoe.com

mgyoe.com

SAMPLE BOOK


မြေလပ်နယ်–သရေခေတ်တွင်မှ
ရွှေဖြစ်အောင် ဆရာကြံမဟဲ့လို့
အညာကို ပြန်မပြန် ဘာသံညာသံမှ မကြားရပြီဘု
သွားသနဲ့ မခေါ်တယ်ဘုရား
တရားငဲ့တယ် ဆိုပြီးတော့ မသနားတဲ့သူရဲ့
(ယောဒိက) အများတပုံမတွေကဖြင့်
တအားနွဲ့အောင်ပ ထားခဲ့သနော်။ ။

ဝရုံ စခန်းနဲ့ ချုံတန်းအဝင်မှာ
ဝနာတော အရှိန်ရသူတို့မဖြင့်၊
... (သြော်) တဖုံမှန်းပြန်တော့
အလုံတောင် မလွှမ်းစေဘို့
ဘုံခန်း ကဗျာ အပလီမှာ
ဘရဏီတို့, သောနဒိန်တို့ထက် လှတယ်လို့
အပြော မိန်စရ–မဟာဇော သဒ္ဒါတော်၊
တခါသော တခါသော်မှာဖြင့်–
လမင်း မသာတသာနဲ့ ညခင်းအခါကလေး။
(သြော်) ဆရာတောအညာပြေးတာက
အမတ နဝင်းသာသမို့၊ သမထစာရင်းပါတဲ့
တကမ အရင်းအချာတွေရဲ့ အရေး (တဲ့)။ ။

ပြောဝတ်ချိုသာ
လောကွတ် အပိုညာလို့မို့
ရှိတကာချောင်စင်ပေါ်နေကြ
ထိုထိုဝနာ မြှောင်ခင်တကြောမှာလ
သဘောနက်နက်–ဆင်ဆင် ကြင်ကြင် သိက္ခာတရားတွေနှင့်

mgyoe.com

mgyoe.com SAMPLE BOOK


တတောထွက်ဝင်–တပင် ရိပ်သာ နားပါလို့
... ဝိဇ္ဇာဆရာလို စိတ်ပါရာ သွားပုံက
ဘုရားလျာ တဆူဖြည့်စင်ပ
ဘူရိဒတ် လက်ာမှာ
အကြင် သတ္တဝါ လိပ်စူလကိုလ
... သေလွယ်အောင် ရေလယ်ချသည်သို့
ဆရာ့ကို အလွတ်မှားချည်ပေါ့
ပွတ်ဇပါးနှင့် မြန်းချိန် အခါဆီမှာ
နန်းကိန္နရာ, နန်းကိန္နရီကလေးတို့မှာဖြင့်
တွေးမိလျှင် မကြည်ယောင်သို့
မဟီမြှောင် သည်တောင်တန်းဆီက
အိနှောင်ကို မှီအောင် လွမ်းရပါတော့
(အမယ်မင်း) စခန်း မညို့ကြနဲ့
ကမ္ဘဋ္ဌာန်းအဘို့မျှ လိုက်ကဲ့လို့–
ဗျာပါအပွေနှောင်သူတွေကို
ဘာဝနာအခြေ ဆောင်ဆောင်ပြီး
မပြေ ပြေအောင် ရေးသင့်ပါရဲ့
(အမယ်မင်း) မလွမ်းသမို့ပ
မန်းမြို့ကျရက် ကနှင့်၊
(တပဲ့တော်မတို့ကို ဘုရာ) လှမ်းလို့မှ
စာတစောင် ပေတစောင် မပေး။ ။

mgyoe.com

mgyoe.com

SAMPLE BOOK


## ပဲကူးမြို့ ရွှေမော်စောဘုရားရှင်ဘွဲ့တမ်းချင်း
## လေးချိုးကြီး

ချောင်းဦး ဆယ်ရွာ အလုံ၊ မုံရွာ တရောက်ဆီက
ပြောင်းဘူးသယ် ဒါယကာ ငမှုံ၊ ကြော ၂ ယောက်ကဲ့ပြင်၊
သထုံနယ်မှာဖြင့် အမောက်တွေပေါ့ တပည့်မ အသွယ်သွယ်
(အိုကွယ်) စုံဆယ်ဖြာနှင့် လျှောက်လိုက်တယ်လို့
... (ညြ) အလုံမယ်ညှာ ရောက်လာလို့ သိရတယ်။ ။

(ဩော်) အစွန့်သမိုင်းတွင်ဖြင့်၊ တံခွန့်တနိုင်းသာပ
မွန့်တိုင်းစံရာ–ဟံသာ ရွှေပကိုးတွင်မှ
ကွန့်လှိုင်း မကြံသာ– ကံကြမ္မာ သဝေထိုးချင်တော့
မြေဆိုးမြေညစ် ငလျင်ကောင်ဟာလေ
ပုဂံ–ဟိုငကျွဲဟာက
ပခုန်းလဲကာ ဖြုံးကနဲ ကပြာကရာဘဲ ပြောင်းလိုက်ကရော့သလ
ဒေါင်းအသိုက်မှာ ဘယာ မလျော်ပေါါချိန်မှ
သောင်းမကိုင်မှုရတနာ မဟာအကျော်တစောပေပေါ့
မော်စောရှင်–ထူပဝင်,မဖြင့်
ဘူပလ္လင်–မော့ကြငှန်းတွင်မှ၊
ကန်တော့ပန်းဆင်ပုံ ဆရာမြင်တော့
ဘဂဝါအရှင် ကုသိန်ကြငှန်းတွင်မှ
လှုံမြန်းကာ ဘုံနန်းအမတာသို့ လားစင်က
... တမ့်မ့် တသဲ့သဲ့နဲ့နော်
တပဲ့တော် တပဲ့တော်မတို့ သဲနားပါအုံးလို့
အများငိုယိုသနော်၊

mgyoe.com

mgyoe.com SAMPLE BOOK


ဘုရားကိုယ်တော်ရဲ့ အပါးတွင်မှ ...
မလ္လာ ပြည်သူတွေမှာ
ဟံသာဝတီ အပူနှင့်ဖြင့် မခြားပေဘု
(သြော်) သိကြားကလဲမ မ၊
ဘုရား–ဘုရားလို့သာ တ ကြပေတော့
မျှားစွအနယ်နယ်မှာနော်ကွယ်
အစားမဝတဝ၊ ခါးမလှချိန်မို့၊
အားကငယ်ငယ်။ ။

သဒ္ဒါကော်ရော်– သမိုင်းအစဉ် ကြည့်ပြန်တော့
တကာတော် တလိုင်းဘုရင်တွေကလဲ မရှိပြီမို့၊
အတိုင်း ယခင်ပကတိလိုဖြင့် ခက်သေးတယ်။
(အို) မျက်နပေး ထယ်ထယ်နဲ့၊
အသက်မွေး မလွယ်ပါတဲ့– အလုံ မုံရွာစခန်း။
(သြော်–ကျုပ်တို့) အထက်ကျေးနယ်မှာတော့
အကုန်သာပန်း။ ။

အညာကဆရာ
စာသကာ မှာသာမှာရတော့၊
လာရမှာ–မခင်သာလို့မို့၊
သာသန ဒါယကာ ဘုရင်တကာတို့နှင့်
ပြဘက်ရာ–တောင်နေဝန်းလိုပ
ရှင်ပင်သာသနာ ပြောင်ပေလို့ ရွှန်းခဲ့တဲ့
မင်္ဂလာအောင်မြေကွန်းဆီသို့
အလွန်းပြေလာချင်ရက်ပါဘဲ့
စိတ်လက်မကြည်သာသနှင့်
သည် တဝါမှာ အလောင်းတော်ကဿပ စခန်းဆီက
ကမ္ဗဋ္ဌာန်းထိုင်ကာ ဘာဝနာ အမှုတွေနှင့်

mgyoe.com

mgyoe.com
SAMPLE BOOK


ပန်းမြိုင်ဝနာ သာသာယာယာရှုပါလို့
... (သြ) ပုပုရွရွ မြင်မြင်သမျှ အကြင်သတ္တဝါတွေဟာ
ယုယုယယနှင့် ချစ်ရခင်ရ ကြင်နာရပေမဲ့
သင်္ခါရာ– ဘိဇ္ဇန ဓမ္မောင့်ပြင်၊
အသုဘသညာ– မြင်မြင်ကရာ– အနိစ္စ သဘောရယ်လို့
... (သြော်) အဖွားမြီးမှာဖြင့် သားသမီးတွေနှင့်
မယားဇနီး ကာမဂုဏ်တွေကို
အမှားကြီး မှားကုန်ပေါ့လို့
အာရုံစိတ်က စောရာမှ
မော်စောရှင်စိန္တေထူးကိုလ၊
တိမ်ဇွေမှာ စိန်တွေနဲ့ဖြူးလို့ရယ်ကွယ်
... (သြော်) ပဝေသဏီယခင်က
စေတီယင်ပြင်မှာ ဓမ္မစေတီဘုရင် ဖူးသလိုပေါ့
... (အမယ်မင်း) ဦးခိုက် ရှင်လန်းစွာပ
... ရူးရူးစိုက်စိုက် နဖူးနဲ့ တိုက်တိုက်ပြီး
(ဆရာ့မှာကွယ်) ဖူးလိုက်ချင်စမ်း။ ။

mgyoe.com

# ဘုန်းတော်ဘွဲ့ လေးချိုးကြီး

ကတော့ ပလ္လင် ရတနာမှာ နေနှုန်း အာဏာစက်ကယ်နှင့်
ရှေး့ ဘုရင် ဒါယကာ ရွှေဘုန်းသမ္ဘာ တက်ချိန်မို့
ဖွေထုံး ပမာအတွက် သိမ့်သိမ့် တုန်သဟာ
(အိုကွယ်) တစွေစွေချုန်းပါလို့၊ အပြေပြေကြုံးခဲ့ပါပေါ့
(မယ်စန္ဒာရယ်) မြေလုံးကမ္ဘာပျက်နိုင်ဘု လိမ့်ရုံသာ။ ။

(သြော်) အထက်ဓာတ်တွေနှင့်၊ အသက်ပြတ်အောင်ပ
နဂစက် သတ်ရာက၊ ထွက်ရပ် ပေါက်ခါနီးပြီလို့
ဟိတ်ကြီး ထင်ရန်နှင့်၊ အင်္ဂလန်မှာ နေတလုံးလိုပေါ့
ရွှေဘုန်းတော် သမ္ဘာဟုန်ကြောင့်
မြေလုံးနော် ကမ္ဘာ တုန်ရှော့သလ
ရာဇဂုဏ်–သို့ကလောက်ကြီးတာကြောင့်
စည်းဖွဲ့တဲ့ မြန်မာတွေမှာနော်ကွယ်။
တဘီးမဲ့သော်လဲ့ ခရီးတဲ့စေဘို့ မီးရဲ့ပမာ။ ။

ပုံပမာရိပ်ခါ ကြားရမှာဖြင့်
ယုန်သတ္တဝါ မိစ္ဆာရဲ့ ဇကားရယ်ကြောင့်
တောကြားတောဖျား့က တောသားတို့ ဆေးရောက် သဟာလို
(အို) တွေး ကြောက်ရှာသူတွေမဖြင့်၊
ချွေးအပေါက်ပေါက်ဖြာပါတဲ့ ဒုက္ခအကြောင်း။
(မယ်စန္ဒာရယ်) ပြေးပေါက်မရှာလေနှင့်
ကျုပ်တကမအပေါင်း။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


အမှားကိုဆို၊
စကားဘာလိုလိုနဲ့
အဖွားအို သူ့စကောရယ်ကြောင့်
တစုစုပြောကာ ဟောကာ အခြေလစ်ကြတဲ့ပြင်၊
နေမြစ်ခမ္မရာတွေ တည်ထောင်တဲ့ကနက်ပေပေါ့
ရွှေခေတ္တရာ ပြည်တောင်ပျက်ရပါသတဲ့၊
နောက်ဆက်ခါ အပိုအမိုဖြင့် မလှိုင်းကြလေနှင့်
အောက်အထက် မြန်မာ ဗြဟ္မစိုရ် တိုင်းတွင်ဖြင့်
ကိုမှိုင်း တွင်တွင်ထိုးရန်ဘို့
ရွာရိုးမှာ ဆန်ကိုခံကြတော့
ပြည်ပေါ်က္ကန်–သာတဲ့ခေတ်တွင်မှ၊
ထီပေါက်ရန် ပဒပြာနှင့် ပြစ်သလိုပ
(အောင်မယ်မင်း) တစ်တစ်ခွခွ၊ ဖြစ်ပကွ ဖြစ်ပကွရယ်လို့
လှစ်ဟထောပနာ သကြတဲ့
အဇ္ဇဂေါဏာ တမျှ ဆူပြောစရာ အကြောင်းတွေနှင့်
(အို မယ်စန္ဒာစရဲ့) ဖြစ်ကြသောအခါကျလျှင်ဖြင့်
သူရောဂါပါ ၂ ကောင်း။ ။

mgyoe.com

# ဂျီစီဘီအေကြီး နှစ်ဘက်အကွဲကို ပုခက်လွှဲ ချောင်း

ရှေးဖျင်းပုံ သာဓကတွေနှင့်၊
ချောင်းစုံ ပမာပြပါလို့
ဆရာက ဟောခဲ့တာ။

စာရင်းရှုပ်ပေတဲ့
အသင်းချုပ်တွင်မှ၊
မင်းလုပ်သူ ကဝိန္ဒာတို့
အလိမ္မာသို့လောက်ရဲတာကြောင့်
ကွဲကြပကွာ။

ပွဲတိုင်း တံဆိပ်မှန်းသူတို့၊
ဖဲဝိုင်း ပုလိပ်ဖမ်းသည်သို့
ထိပ်တန်းက ပြေးကြရာ၊
ချွေးကျရှာလိမ့် ထင်ယောင်မှန်း။ ။

အတင်းရယ်ညာ၊
အငြင်းဘာတာတာနဲ့၊
သတင်းစာဂြိုဟ်ကောင် မွေလို့
နှစ်ဘီအေ ဂျီစီ ခွဲတဲ့ပြင်၊
... နွားနှစ်ကောင် ၅၀၀၀ ပွဲမှာကွယ်
ဖွဲနှင့် ခွေ့ခန်း။

mgyoe.com